မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ပြာသိုလကွယ်နေ့၊ ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၈)၊ အမှတ်(၁၁၇)

ဧတံ မင်္ဂလ မုတ္တမံ

ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

ရေစကြိုမြို့နယ် ခင်မွန်ရေလှောင်တမံမှ လယ်မြေဧက ၃၀၀ ကို ဆည်ရေပေးဝေမည့် အလျားပေ ၁၂၀၀၀ ရှိ တူးမြောင်းမကြီးကို တမံထိပ်ပေါ်မှ ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဇရာဝတီတိုင်း ချောင်းသာနှင့် ရွှေသောင်ယံမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဧရာဝတီတိုင်း ချောင်းသာမြို့သို့ရောက်ရှိကြပြီး ချောင်းသာတိုက်နယ်ဆေးရုံရှိ လူနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးကာ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်ကြသည်။

<u>ကြည့်ရှုစစ်ဆေး</u>

ထို့နောက် ချောင်းသာမြို့နယ် အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ရန် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းခန်းမ၌ ဆရာ ဆရာမများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များအား တွေ့ဆုံသည်။ ယင်းနောက် ချောင်းသာမြို့နယ် အမှတ်(၈) အခြေခံပညာ မူလတန်းကျောင်းကို လည်းကောင်း၊ ချောင်းသာမြို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့လျှပ်စစ်အင်ဂျင်နီယာရုံးကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✳ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သီးထပ်သီးညှပ်တွေနဲ့ လယ်မြေတွေမှာ ဆည်ရေတွေဖွေးပြီး တောင်ကတုံးကို သျှောင်ထုံးမည့် ပခုက္ကူခရိုင် ရေစကြိုမြို့နယ်က ခင်မွန်ရေလှောင်တမံ

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်အနီး ဒီးဒုတ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော ခင်မွန်ရေလှောင်တမံ၏ ရေသိုလှောင်ထားရှိမှုကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

သတင်းမြင်ကွင်း - ကျော်စိန်
ဓာတ်ပုံမှတ်တမ်း - အောင်သန်း(မင်္ဂလာတောင်ညွန့်)
စာမျက်နှာဖွဲ့စည်းမှု - သန်းဇော် (မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် နိုင်ငံတော်အား အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက် တစ်ရပ်ဖြစ်သော စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်စီးပွားတိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်မှ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၉ ကော်လံ ၁ ✳

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂၅ ရက်)

ငွေချည်(၆)ချည်မျှင်ရှည်ဝါ ကျယ်ကျယ်ပြန့်ပြန့် တိုးချဲ့စိုက်ပျိုး တောင်သူလယ်သမားများအကျိုးစီးပွား တိုးမြှင့်ဖော်ဆောင်

လယ်ယာကဏ္ဍသည် မြန်မာနိုင်ငံ၏ စီးပွားကုန်ထုတ်လုပ်ငန်းများအနက် အခြေခံဖြစ်ကာ စီးပွားရေး၊ လူမှုရေးကဏ္ဍများနှင့်လည်း ဆက်နွှယ်လျက် ရှိသည်။

မြန်မာနိုင်ငံသည် မြေသယံဇာတ၊ ရေသယံဇာတနှင့်ပြည့်ဝသောနိုင်ငံဖြစ်ရာ ရေမြေသဘာဝအရင်းအမြစ်များကို အသုံးပြု၍ စိုက်ပျိုးလုပ်ကိုင်လာခဲ့သည်မှာ ရှေးနှစ်ပေါင်းများစွာကပင် ဖြစ်သည်။

ဆန်၊ ပဲ၊ ပြောင်း၊ ဝါနှင့် နှမ်းတို့သည် မြန်မာနိုင်ငံ၏ အဓိကလယ်ယာထွက်ကုန်ဖြစ်ကြသည်။ ယခုအခါ တောင်သူလယ်သမားများအတွက် ဝင်ငွေကောင်းသည့် ချည်မျှင်ရှည်ဝါသည် အောင်မြင်ဖြစ်ထွန်းလျက် ရှိသည်။

အထူးသဖြင့် တောင်သူလယ်သမားများသည် အရည်အသွေးကောင်းသည့် ငွေချည်(၆)ချည်မျှင်ရှည်ဝါကို စိုက်ပျိုးလာကြသည်။ ငွေချည်(၆) ချည်မျှင်ရှည်ဝါသည် အထွက်နှုန်းမြင့်မားခြင်း၊ ဂွမ်းမွေးအရည် အသွေးကောင်းခြင်း၊ မိုးကြိုမိုးနှောင်း ရာသီမရွေးစိုက်ပျိုးနိုင်ခြင်း၊ လက်ရှိဝါစိုက်ပျိုးနေသောဒေသများ၌ စိုက်ပျိုးဖြစ်ထွန်းခြင်းတို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာကြသည်။

ငွေချည်(၆) ချည်မျှင်ရှည်ဝါသည် ရာသီဥတုဒဏ်ခံနိုင်ပြီး ဝါအထွက်နှုန်းကိုထိခိုက်စေသည့် သီးလုံးဖောက်ပိုးများ၏ဒဏ်ကို ခံနိုင်ရည်စွမ်းအားရှိပြီး တောင်သူများအတွက် ပိုးသတ်ဆေးပက်ဖျန်းမှု စရိတ်သက်သာစေသည်။ ၂၀၀၇-၂၀၀၈ စိုက်ပျိုးရာသီတွင် ၂၁၄၄၉၈ဧက စိုက်ပျိုးခဲ့ရာမှ ၂၀၀၈-၂၀၀၉ ခုနှစ်၌ ၂၆၀၃၉၉ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဝါနှင့်ပိုးချည် လုပ်ငန်းဌာနသည် ငွေချည်(၆)ချည်မျှင်ရှည်ဝါ စိုက်ပျိုးနိုင်ရေးအတွက် တောင်သူလယ်သမားများအား မျိုးသန့်စေ့များ ပွားများထုတ်လုပ်ဖြန့်ဖြူးနိုင်ရန် ရည်ရွယ်၍ တောင်သူလယ်သမားများနှင့် အကျိုးတူပူးပေါင်းစိုက်ပျိုးလျက် ရှိသည်။

ဝါကို မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းနှင့် ပဲခူးတိုင်းတို့တွင် အဓိကစိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်၊ မိတ္ထီလာ၊ မြင်းခြံနှင့် ရမည်းသင်းခရိုင်၌ အများဆုံးစိုက်ပျိုးသည်။ မြင်းခြံခရိုင်အတွင်း ကျေးရွာပေါင်း ၈၅ ရွာမှ ငွေချည်(၆)ချည်မျှင်ရှည်ဝါဧက ၂၁၀၇၀ စိုက်ပျိုးခဲ့ရာ ၉၃၂၆၈၀၅ ပိဿာထွက်ရှိမည်ဟု ခန့်မှန်းထားသည်။

သို့ဖြစ်ပေရာ ငွေချည်(၆)ချည်မျှင်ရှည်ဝါသည် တောင်သူများအတွက် အကျိုးစီးပွားဖြစ်ထွန်းစေပြီး စရိတ်စကသက်သာခြင်း၊ ရာသီဥတုဒဏ်၊ ဝါပိုးဖျက်ဒဏ်တို့ကို ခံနိုင်စွမ်းရှိခြင်း၊ အထွက်နှုန်းကောင်းခြင်းတို့ကြောင့် တောင်သူများကျယ်ကျယ်ပြန့်ပြန့် ယခုထက်ပိုမို တိုးချဲ့စိုက်ပျိုးသင့်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁-၂၀၀၉ (တနင်္ဂနွေနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	နေ့စဉ်သုံးတရားတော် (သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ)
၇း၄၅-၁း၄၅	Sunday Talk [ကျော်ဝင်း(Wave မဂ္ဂဇင်း)၊ ကိုကို(စက်မှုတက္ကသိုလ်)၊ မျိုးမြတ်သူ]
၈း၄၀-၂း၄၀	Soccer Update
၈း၅၅-၂း၅၅	ထူးခြားသော ဘူမိအနေအထားနှင့် ဖူးမဝသော ကျိုက်ထီးရိုးစေတီ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	စိတ်ချမ်းသာ ကိုယ်ကျန်းမာစေမှာ ကုမုဒြာ (အပိုင်း-၁)
၉း၃၅-၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅	ကမ္ဘာ့အားကစားဇာတ်ခုံ
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	Activities in the City (မိုးယံဖွန့် တေးစီးရီး)
၁၀း၃၅-၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၁း၀၅-၅း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၁၀-၅း၁၀	ထူးထူးခြားခြား ရာသီဥတု ဖြစ်စဉ်များ
၁၁း၂၀-၅း၂၀	ရာဇဝင်မြစ်ကမ်းပေါ်မှ …နားခိုရာ
၁၁း၅၅-၅း၅၅	ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ မောင်သိန်းဝင်း)
၁၂း၁၅-၆း၁၅	International Video Topics (ရုပ်ရှင်ထဲကလိုကားမျိုး)
၁၂း၄၅-၆း၄၅	တေးဂီတအစီအစဉ်
၁၂း၅၀-၆း၅၀	ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo၊

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၃၀	Cardiff-Arsenal	ESPN (Live)
၁၀း၀၀	Liverpool-Everton	ESPN (Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Bologna-AC Milan	5-Cartoons (Live)
၂း၀၀	Inter Milan-Sampdoria	5-Cartoons (Live)

မြဝတီရုပ်မြင်သံကြား

၂၅-၁-၂၀၀၉ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၅	၄။	ကာတွန်းအစီအစဉ် **ဂျူမုံမင်းသားလေး** (အပိုင်း-၁၈)
၁၂း၀၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **အချစ်နှံ့နှစ်တဲ့ ဆင်မလေး**
၁၃း၃၀	၆။	ကျန်းမာသုတ
၁၃း၄၅	၇။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်**(အပိုင်း-၁၆)

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄း၂၀	၅။	စည်းကမ်းလိုက်နာ ဘေးကင်းကွာ
၄း၄၅	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၀၀	၈။	သံစဉ်များနှင့်ကမ္ဘာ
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၅	၁၂။	ကမ္ဘာ့အံ့ဖွယ်မျက်လှည့်ပညာရှင်များ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၁၅)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	ပဟေဠိနန်းတော်
	၁၉။	ကျန်းမာသုတ
	၂၀။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ငါးကလေး** (အပိုင်း-၃၀)

ကျန်းမာရေးဝန်ကြီး ဒေါက်တာကျော်မြင့်အား IOM ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၄

ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် International Organization for Migration (IOM) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mme. Ndioro Ndiaye နှင့်အဖွဲ့သည် ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ (အပေါ်ပုံ) နာဂစ်မုန်တိုင်းဒဏ်ခံရသောဒေသများတွင် IOM အဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ ရှေ့ဆက်ဆောင်ရွက်သွားမည့်လုပ်ငန်းများ၊ IOMအဖွဲ့က မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် စီမံချက်လုပ်ငန်းများကို ဆွေးနွေးတင်ပြကြသည်။

ရေရှည်စီမံကိန်း

ထိုသို့ ဆွေးနွေးရာတွင် ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးများက နိုင်ငံတော်အစိုးရက ဆောင်ရွက်လျက်ရှိသည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကျယ်တဝင့်ရှင်းလင်းပြောကြားကြပြီး နာဂစ်မုန်တိုင်းဒဏ်ခံရသောဒေသများတွင် IOM အဖွဲ့က ကူညီဆောင်ရွက်လျက်ရှိသည့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ကျေးဇူးတင်ရှိကြောင်း၊ ဆက်လက်၍ ရေရှည်စီမံကိန်းဖြင့် ဆောင်ရွက်ရမည့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများကိုလည်း ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ပြောကြားကြသည်။ တွေ့ဆုံဆွေးနွေးပွဲသို့ ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာမြဦးနှင့် ဒေါက်တာ ပိုင်စိုး၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက(၂)ရန်ကင်း (ကျောက်ကုန်းစိန်မိုက်ကယ်) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ယခင် ကျောက်ကုန်းစိန်မိုက်ကယ်ကျောင်းမှ ယခုအထက(၂) ရန်ကင်းကျောင်းတွင် ၁၉၅၉-၁၉၆၀မှ ၂၀၀၈ခုနှစ်အထိ ပညာသင်ယူခဲ့ကြသော တပည့်ဟောင်းများက အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့်တကွ အသက် ၆၀ပြည့် အငြိမ်းစားယူသွားသည့် ဆရာ ဆရာမကြီးများအား (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၅ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အထက(၂)ရန်ကင်း ရှေ့ဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

မိုးကောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် မိုးကောင်း-တက်ပါလမ်း ကတ္တရာထပ်ပိုးလွှာခင်းဆောင်ရွက်မှုကို ဒီဇင်ဘာ ၁၉ရက်က ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်း ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို ချောင်းသာမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသားကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

ဗိုလ်ချုပ်ကိုကိုသည် တိုင်းမှူးနှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ၂၂ရက် နံနက်ပိုင်းက ချောင်းသာဒေသဖွံ့ဖြိုး တိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ရွှေသောင်ယံမြို့သို့ရောက်ရှိကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံဖျားနာဆောင်၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှု၍ ဆေးရုံတက်လူနာများအား ထောက်ပံ့ငွေများကို ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ထို့နောက် မြို့နယ် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိရာ ကျောင်းရုံးခန်းမ၌ တိုင်းပညာရေးမှူးက ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအား ထောက်ပံ့ငွေများ၊ သင်ထောက်ကူ ကျောင်းသုံးစာအုပ်များနှင့် ခြံစောင်များကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် တာဝန်ရှိသူများက ခြံစောင်များကိုပေးအပ်ကြရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး စာသင်ခန်းများကို လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမ်း-စစ်တွေကားလမ်း ကျောက်ချောခင်းလုပ်ငန်း တိုင်းမှူးဗိုလ်ချုပ်သောင်းအေး ကြည့်ရှုစစ်ဆေး

စစ်တွေ ဇန်နဝါရီ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများလိုက်ပါ၍ ဒီဇင်ဘာ ၃၀ရက်က မင်းပြားမြို့နယ် သံကြိုးကျေးရွာအနီး အမ်း-စစ်တွေကားလမ်း မိုင်တိုင်အမှတ်(၇၂/၂)မှ (၇၂/၄) အထိ ကျောက်ချောလမ်းခင်းခြင်း လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ပြည်နယ်ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာမှူးကြီးဦးမြင့်ဆွေ၊ လမ်းအပိုင်း(၂)တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးဝင်းမြင့်တို့က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြခဲ့ရာ တိုင်းမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။ **(အောက်ပုံ) (၁၁၃)**

ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်+နေ့လယ်+ည)

(၂၅-၁-၂၀၀၉)

၀၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း ကြေညာချက်
၀၇း၀၅ တရားတော်
အာဋာနာဋိယသုတ်
ဓမ္မပူဇာတေးပဒေသာ
၀၇း၃၀ (၃၈)ဖြာမင်္ဂလာ
၀၇း၃၅ နံနက်ခင်းတေးပဒေသာ
၀၈း၀၀ စံတော်ချိန် + သတင်း
၀၈း၁၀ နံနက်ခင်းတေးပဒေသာ
၀၉း၀၀ ဘဝအသွင်ကဗျာ့အမြင်
ပန်းခရေနီဂုံး
၀၉း၁၀ တေးပဒေသာ
၀၉း၁၅ ဘဝတစ်ကွေ့အတွေ့အကြုံ
အေးရိပ်မှာ ချွေးသိပ်ပါတော့မယ်
၀၉း၃၀ မွေးနေ့လက်ဆောင်
၁၀း၀၀ သန့်စွမ်းကျန်းမာ ကိုယ်ခန္ဓာ
သန့်စွမ်းကျန်းမာစိတ်နဲ့ခန္ဓာ
၁၀း၁၀ မင်္ဂလာလက်ဆောင်
၁၀း၃၅ သတင်းစာအာဘော်
၁၀း၄၀ တေးပဒေသာ
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ကမ္ဘာ့နေ့ကြီး ရက်ကြီးများနှင့် မြန်မာ့နေ့ကြီး ရက်ကြီးများ
(ဦးဝမ်ထိန်)
(၂) ဂျူနီး (ဦးသိန်းလွင်)
၁၁း၂၅ တေးစီးရီး
အကန့်အသတ်မရှိ
(နောနော်)
၁၂း၀၀ စံတော်ချိန်
ကလေးအစီအစဉ်
ကလေးများ၏ ပုံပြောပြိုင်ပွဲ
အစီအစဉ် (ဓမ္မပါလသတို့သား)
၁၂း၁၅ တေးပဒေသာ
၁၂း၃၀ သုတစုံစွာ သိမှတ်စရာ
နိုင်ငံတော်သမိုင်းဆိုင်ရာ သက္ကရာဇ်အထောက်အထားများ
(ဒေါက်တာဦးဖေဘဏ်)
၁၂း၄၀ နေ့လယ်ခင်းတေးပဒေသာ
၁၃း၀၀ မွန်းလွဲပိုင်းသတင်း
၁၃း၂၀ တေးပဒေသာ
၁၃း၃၀ အစီအစဉ်ပြီး၏။
၁၆း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆း၂၀ ဆောင်းပါး
အလုပ်ခွင်အောင်မြင်စေရာ နည်းနာများ
၁၇း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၁၇း၂၅ သတင်းစာဆောင်းပါး
၁၇း၃၀ ညနေခင်းတေးပဒေသာ
၁၈း၀၀ ညနေခင်းသတင်း
၁၈း၀၅ တေးချစ်သူရွေးသီတေးပန်းချီ
၁၈း၃၅ လယ်ယာစီးပွား
ဂေါ်ရခါးသီးစိုက်ပျိုးခြင်း
၁၈း၄၀ တေးပဒေသာ
၁၉း၀၀ နိုင်ငံတကာသတင်း
၁၉း၁၀ Talk On Line
ကိုဘရာ
နိုင်ငံရေးဦးတည်ချက်
၁၉း၃၀ ညချမ်းချိန်ခါတေးပဒေသာ
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး စီးပွားရေးဦးတည်ချက်
၂၀း၄၀ ရင်တွင်းစီးပွားတေးသီချင်းများ
၂၁း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၂၁း၂၀ ခေတ်မရွေးသောတေး
၂၂း၀၀ အစီအစဉ်ပြီး၏။

ဒဂုံအရှေ့ပိုင်းစက်မှုဇုန် သစ်အခြေခံစက်ရုံများမှ ထုတ်လုပ်သော ကျွန်းသစ်ပါးလွှာများနှင့် တန်ဖိုးမြှင့်သစ်ခွဲသားများ ပြည်ပတင်ပို့လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၄

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇန်နဝါရီ ၂၃ရက်က ရန်ကုန်မြို့ ဒဂုံအရှေ့ပိုင်းစက်မှုဇုန်ရှိ Myanmar Technologies Industry Co.,Ltd.(MTI) သစ်အခြေခံစက်ရုံသို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏တင်ပြမှုများနှင့် စပ်လျဉ်း၍ လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း ကျွန်းသစ်ပါးလွှာများထုတ်လုပ်နေမှု၊ တန်ဖိုးမြှင့် သစ်ခွဲသားများ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

အဆိုပါ စက်ရုံမှ ထုတ်လုပ်သော ကျွန်းသစ်ပါးလွှာများ၊ တန်ဖိုးမြှင့်သစ်ခွဲသားများကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးသည် ရွှေသံသာဟိန်းကုမ္ပဏီ သစ်အခြေခံစက်ရုံသို့ ရောက်ရှိပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စက်ရုံအတွင်း အင်၊ ကညင်၊ ပျဉ်းကတိုးသစ်များ အသုံးပြု၍ Anti-Slip ပါကေး၊ တန်ဖိုးမြှင့် သစ်ခွဲသားများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

တင်ပို့ရောင်းချ

အဆိုပါစက်ရုံမှထွက်ရှိသော Anti-Slip ပါကေးနှင့်တန်ဖိုးမြှင့်သစ်ခွဲသားများကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

ထိုသို့သောအက်စစ်မိုးများကြောင့် ဖြစ်ပေါ်လာသော မြေလွှာပျက်စီးမှုနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းထိခိုက်စေမှုများကို အကာအကွယ်ပေးနိုင်ရန် တရုတ်သုတေသနပညာရှင်များက သုတေသနပြုခဲ့ရာ စိုက်ပျိုးမြေများတွင် ကယ်လ်ဆီယမ်ဓာတ်ကြွယ်ဝသော အပင်များစိုက်ပျိုးပေးခြင်းဖြင့် ထိခိုက်ပျက်စီးမှု လျော့ကျစေနိုင်ကြောင်း တွေ့ရှိခဲ့ကြရသည်။

ပူးတွဲစိုက်ပျိုး

စပါးနှင့် အခြားစိုက်ပျိုးခင်းများတွင် ကယ်လ်ဆီယမ်ဓာတ် ပါဝင်သည့် ခရမ်းချဉ်ပင်၊ နာနတ်ပင်များကို ပူးတွဲစိုက်ပျိုးပေးခြင်းသည် အက်စစ်မိုးကြောင့် ဖြစ်ပေါ်လာနိုင်သည့် မြေလွှာပျက်စီးမှုများကို ထိန်းသိမ်းပေးနိုင်ကြောင်းတွေ့ရှိရသည်ဟုဆို၏။

ပြောကြား

ခရမ်းချဉ်နှင့်နာနတ်ကဲ့သို့သော အပင်များသည် အက်စစ်မိုးတွင်ပါရှိလာသော ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်များမြေကြီးအတွင်း စီးဝင်မှုကို ချေဖျက်နိုင်ပြီး ဓာတ်ပြောင်းလဲပစ်နိုင်ကြောင်း၊ ယင်းအပင်များ၏ အသီး၊ အရွက်၊ ပင်စည်နှင့် အမြစ်များသည် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို အကျိုးပြုဓာတ်အဖြစ် ပြောင်းလဲမှုမပြုလုပ်နိုင်သော်လည်း အပင်နှင့်မြေဆီလွှာများ ထိခိုက်ပျက်စီးမှုမဖြစ်စေသည့် ဓာတ်အဖြစ် ပြောင်းလဲပစ်နိုင်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ဖြစ်တည်နေရန်

ထို့အပြင် ကယ်လ်ဆီယမ်ဓာတ်များ ပေါကြွယ်ဝစွာဖြစ်ထွန်းစေခြင်းသည် အပင်များကြီးထွားမှုကို ဖြစ်စေရန်ပံ့ပိုးပေးသည့် အချက်တစ်ချက်လည်းဖြစ်ရာ စိုက်ပျိုးမြေများတွင် ကယ်လ်ဆီယမ်ဓာတ်များ ဖြစ်တည်နေရန်လိုအပ်သည်။

အနီးဝန်းကျင်

ထို့ကြောင့် အပင်၏အနီးဝန်းကျင်ကို ကယ်လ်ဆီယမ်ဓာတ်များ ဖြစ်ပေါ်စေသည့် ခရမ်းချဉ်နှင့် နာနတ်ပင်များကို စိုက်ပျိုးခင်းများတွင် ထည့်သွင်းပေါင်းစပ်စိုက်ပျိုးပေးခြင်းသည် အက်စစ်မိုး၏ ဆိုးကျိုးများကို ကျဆင်းစေသည့် အကြောင်းတစ်ရပ်ဖြစ်ကြောင်း တရုတ်သုတေသနပညာရှင်များက ပြောကြားသည်။

ကိုးကား-အင်တာနက်

ရေစီးရေလာကောင်းမွန်ရေး ဖားကန့်၌ဆောင်ရွက်

ဖားကန့် ဇန်နဝါရီ ၂၄

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးကြီးအပြင်ဘက်ရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူးဦးမျိုးသန့်စင်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၉ရက်က ရေမြောင်းများအတွင်းရှိ အမှိုက်များ၊ နုန်းများဆယ်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်အောင်က အနီးကပ်ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

အထက(၂)တောင်ဥက္ကလာပ ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

အထက(၂) တောင်ဥက္ကလာပကျောင်း၏ (၁၁)ကြိမ်မြောက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက်၁၀နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဆရာ၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဖုန်း-၅၆၃၃၃၇၊ ကိုဇော်ဝင်း ဖုန်း-၅၇၃၀၉၄၊ မယဉ်ယဉ်နွဲ့ ဖုန်း-၅၇၀၈၅၇၊ မခင်ငြိမ်းမိုး ဖုန်း-၅၇၁၅၇၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၁၉)**

အမေရိကန်စီးပွားရေးအကျပ်အတည်း မကြုံစဖူးတွေ့ကြုံနေရ ဒေါ်လာဘီလီယံ ၈၂၅ သန်း ခွင့်ပြုပေးမည်ဟု သမ္မတအိုဘားမားပြောကြား

ဝါရှင်တန် ဇန်နဝါရီ ၂၄

အမေရိကန်စီးပွားရေး ပြန်လည်ဦးမော့လာစေရန် တွန်းအားပေးသည့်အနေဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၈၂၅သန်းကို ခွင့်ပြုပေးသွားရန် ရည်မှန်းထားကြောင်း သမ္မတဘားရက် အိုဘားမားက ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ပြောကြား

ဒီမိုကရက်တစ်နှင့် ရီပတ်ဘလီကင် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် သမ္မတဘားရက်အိုဘားမားက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး အဆိုပါငွေကြေး ပမာဏကိုလည်း အမေရိကန်ကွန်ဂရက်လွှတ်တော်က ခွင့်ပြုရန်အသင့်ရှိနေမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မကြုံစဖူးကြုံတွေ့

အမေရိကန်နိုင်ငံအနေဖြင့် စီးပွားရေးအကျပ်အတည်း ဂယက်ရိုက်မှုကို မကြုံစဖူးတွေ့ကြုံနေရကြောင်း၊ သို့သော်လည်း ယင်းအခက်အခဲကို လျင်မြန်စွာ ဖြေရှင်းပေးနိုင်မည် ဖြစ်ကြောင်း သမ္မတအိုဘားမားက ဆက်လက်ပြောကြားသည်။

လောလောဆယ်တွင် အခွန်များလျှော့ချဖြတ်တောက်ရေးအစီအစဉ်နှင့်ပတ်သက်ပြီး ကွန်ဂရက်လွှတ်တော်၌ ဒီမိုကရက်တစ်အမတ်များက ထောက်ခံမဲ ၂၄မဲပေးခဲ့ပြီး ရီပတ်ဘလီကင်တို့က ကန့်ကွက်မဲ ၁၃မဲ ပေးခဲ့သည်။ **(အင်တာနက်)**

မက္ကဆီကို၌ မြေပြိုမှုဖြစ်ပွား နှစ်ဦးသေဆုံး

မက္ကဆီကိုစီးတီး ဇန်နဝါရီ ၂၄

မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့တော်အနီးရှိ ဆင်ခြေဖုံးဒေသ၌ ဇန်နဝါရီ ၂၂ရက်က မြေပြိုမှုဖြစ်ပွားခဲ့ရာ**(အပေါ်ပုံ)** နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားသည်။

စီစဉ်

မြေပြိုမှုဖြစ်ပွားရာ အစ်တာပါလာပါဒေသရှိ မိသားစုဝင် ၁၅စုအား အာဏာ ပိုင်များက ယာယီရွက်ဖျင်တဲများဖြင့် နေထိုင်ရန် စီစဉ်ပေးထားသည်။

ဖုံးလွှမ်း

ယမန်နှစ်က သည်းထန်စွာရွာသွန်းခဲ့သောမိုးကြောင့် တောင်ကုန်းပေါ်မှ မြေများ ပြိုကျကာ နေအိမ်များအား ဖုံးလွှမ်းသွားခဲ့ခြင်းဖြစ်သည်။

လူဦးရေထူထပ်

ယင်းဒေသမှာ မက္ကဆီကိုစီးတီးမြို့တော်အတွင်း လူဦးရေအထူထပ်ဆုံးနှင့် ဆင်းရဲ နွမ်းပါးမှု အများဆုံးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ **(အင်တာနက်)**

ဖိလစ်ပိုင်၌ ယာဉ်မတော်တဆမှု သုံးဦးသေဆုံး

မနီလာ ဇန်နဝါရီ ၂၄

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘာတန်ဂစ်မြို့၌ ခရီးသည်တင်ယာဉ်တစ်စီးနှင့် လုံခြုံရေးယာဉ်တစ်စီးတို့ ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ သုံးဦးသေဆုံးပြီး ၁၀ဦးကျော် ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။

ပြောကြား

သေဆုံးသူသုံးဦးမှာ ပုဂ္ဂလိကလုံခြုံရေးဌာနတွင် အလုပ်လုပ်ကိုင်နေကြသူများ ဖြစ်ကြောင်း၊ ၎င်းတို့စီးနင်းလိုက်ပါလာသည့် ယာဉ်မှာ ရှေ့မှကားအား ကျော်တက် ရာမှ မျက်နှာချင်းဆိုင်မှလာသော ခရီးသည်တင်ယာဉ်နှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ (အင်တာနက်)

စားကိုင်စားပြုမှုများ ဗြိတိန်၌ ထူပြောလာ

လန်ဒန် ဇန်နဝါရီ ၂၄

ဗြိတိန်နိုင်ငံ၌ ၂၀၀၈ခုနှစ် စက်တင်ဘာလအထိ သုံးလတာ ကာလအတွင်း လက်နက်ကိုင်မှုများ အနည်းငယ် ကျဆင်းသော်လည်း ဓားကိုင်ဓားပြမှုမှာ ဓားပြမှု အားလုံး၏ ငါးပုံတစ်ပုံအထိ တက်လာကြောင်း ဇန်နဝါရီ ၂၂ရက်က ထုတ်ပြန်သည့် ပြည်ထဲရေးဌာန၏ စာရင်းအင်းများအရ သိရသည်။

ကျဆင်း

၂၀၀၈ခုနှစ် အဆိုပါသုံးလအတွင်း ရာဇဝတ်မှုများမှာ ယမန်နှစ် ထိုကာလက ထက် ၃ရာခိုင်နှုန်း ကျဆင်းသည်။ ဓားကိုင်ဓားပြမှုများမှာမူ ထိုကာလအတွင်းတွင် ယမန်နှစ်ကထက် ၁၈ရာခိုင်နှုန်း ပိုလာသည်ဟု သိရသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ပြန်လည်ပြင်ဆင်

ဂါဇာကမ်းမြောင်နှင့် အီဂျစ်နိုင်ငံ နယ်စပ်အနီးရှိ ရာဖာဒေသတွင် မြေ အောက်ဥမင်များအား ပြန်လည်ပြင်ဆင် လျက်ရှိသည်ကို ဇန်နဝါရီ ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

အီရတ်၌ သေနတ်သမားများ ပစ်ခတ်မှု မိသားစုဝင်ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့ မြောက်ဘက် ဒီယာလာပြည်နယ် အလယ် ပိုင်း၌ ဇန်နဝါရီ၂၃ရက် နံနက်ပိုင်းက အမည်မသိ သေနတ်သမားများ ပစ်ခတ်မှု ကြောင့် မိသားစုဝင် ကိုးဦးသေဆုံးသွားခဲ့ ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြား သည်။

ဒီယာလာပြည်နယ်၏မြို့တော် ဘာကူ ဘာမြို့၏ တောင်ဘက် ကီလိုမီတာ ၃၀ အကွာရှိ ဘာလက်ရပ်ဖ်မြို့တွင် အမည်မသိ သေနတ်သမားများက ပစ်ခတ်ခဲ့ခြင်းဖြစ် ကြောင်း၊ သေဆုံးသူများတွင် အမျိုးသမီး ခြောက်ဦး၊ အမျိုးသားနှစ်ဦးနှင့် ကလေး တစ်ဦးပါဝင်ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

ရဲတပ်ဖွဲ့အနေဖြင့် လွတ်မြောက် သွားသည့် သေနတ်သမားများကို လိုက်လံ ရှာဖွေဖမ်းဆီးလျက်ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်တပ်ဖွဲ့ဝင်များက ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက် ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ကျေးရွာသားကိုးဦးသေဆုံး

ကရာချိ ဇန်နဝါရီ ၂၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း မီယာလီမြို့အနီးသို့ ဇန်နဝါရီ ၂၃ရက်က အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ပစ်ခတ်လိုက်သည့် ဒုံးကျည်တစ်စင်းကြောင့် ဒေသခံကိုးဦး သေဆုံးခဲ့ရကြောင်း ပါကစ္စတန် စစ်ဘက်အရာရှိများက ပြောကြားသည်။

သေဆုံး

အဆိုပါ ဒုံးကျည်မှာ မီယာလီမြို့အနီး ကျေးရွာတစ်ရွာ၏ နေအိမ်တစ်လုံးပေါ် ကျရောက်ခဲ့သဖြင့် သေဆုံးခဲ့ကြရခြင်းဖြစ် သည်။ ယင်းဒေသသည် တာလီဘန် လက်နက်ကိုင်များ လှုပ်ရှားရာ နယ်မြေဖြစ် သည်။

ပြောကြား

အမေရိကန် သမ္မတအဖြစ် ဘားရက် အိုဘားမား ရာထူးလက်ခံပြီးနောက် ပထမ ဆုံးအကြိမ် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်တိုက်ခိုက်ခြင်းလည်းဖြစ်သည်ဟု ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဒေသသို့ အာဖဂန်နစ္စတန် နယ်စပ်ဘက်မှ အမေရိကန်တပ်ဖွဲ့ဝင်များက မကြာမီ ကာလအတွင်းကပင် ဒုံးကျည်ပေါင်း အစင်း ၂၀ခန့် ပစ်ခတ် တိုက်ခိုက်ခဲ့သည်ဟု ၎င်းတို့က ပြောကြားသည်။ **(အင်တာနက်)**

နေတိုးတပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ်မှု အာဖဂန်တောင်ပိုင်း၌ အရပ်သားနှစ်ဦးသေဆုံး

ကဘူးလ် ဇန်နဝါရီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်ပြည်နယ်တွင် အမေရိကန်ဦးဆောင် သည့် တပ်ဖွဲ့ဝင်များ မှားယွင်းစွာပစ်ခတ်မှုကြောင့် နှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာ ရရှိသွားကြောင်း နိုင်ငံစုံတပ်ဖွဲ့က ဇန်နဝါရီ ၂၄ရက်၌ သတင်းထုတ်ပြန်သည်။

သေဆုံး

ဂီရက်ရှ်ဒေသရှိ နိုင်ငံစုံတပ်ဖွဲ့ဝင်များ စခန်းအနီး အမျိုးသားတစ်ဦးမှာ ဇန်နဝါရီ ၂၂ရက်က ဖောက်ခွဲရေးပစ္စည်းများ လာရောက်တပ်ဆင်သည်ဟု သံသယရှိသည့်အတွက် နိုင်ငံစုံတပ်ဖွဲ့မှ ပစ်ခတ်ခဲ့ရာ သေဆုံးခဲ့ခြင်းဖြစ်သည်။

ဒဏ်ရာရရှိ

ဇန်နဝါရီ ၂၁ရက်ကလည်း အကြမ်းဖက်သမားများနှင့် နိုင်ငံစုံတပ်ဖွဲ့များ အကြား တိုက်ပွဲဖြစ်ပွားနေစဉ် နိုင်ငံစုံတပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အရပ်သားတစ်ဦး သေဆုံးပြီး လေးဦးထိခိုက် ဒဏ်ရာရရှိသွားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်း ဖြစ်ပွားခဲ့သော တိုက်ပွဲများ၌ အရပ်သား ၂၀၀၀ကျော်နှင့် ပြည်ပတပ်ဖွဲ့ဝင် ၂၉၄ဦး အပါအဝင် ၅၀၀၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

အီရတ်၌သေဆုံးသည့် ကန်တပ်ဖွဲ့ဝင်ဦးရေ ၄၂၃၀ ရှိပြီ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၄

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ ၂၃ရက်က ယာဉ်မတော်တဆမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ ကြောင်း၊ အမေရိကန်တို့ အီရတ်ကို စတင်ဝင်ရောက်ကျူးကျော်ခဲ့သည့် ၂၀၀၃ ခုနှစ် မတ်လမှစတင်ကာ အီရတ်၌ သေဆုံး သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၄၂၃၀ ရှိသွားပြီဖြစ်ကြောင်း ဇန်နဝါရီ ၂၄ရက် အင်တာနက်သတင်း၌ ဖော်ပြသည်။

ယင်းနေ့က ဘဂ္ဂဒက်မြို့ တောင်ပိုင်း တွင် ကားမှောက်စဉ်၎င်းတပ်ဖွဲ့ဝင်သေဆုံး ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းဖြစ်ရပ်နှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်စစ်ဘက် သတင်းတစ်ရပ်တွင် ဖော်ပြသော်လည်း အသေးစိတ်ကို ထုတ် ဖော်ပြောကြားခြင်းမရှိခဲ့ချေ။

(အင်တာနက်)

ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်၌ ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားခဲ့သော အဆောက်အအုံများကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ရွှေပေါက်ကံမြို့သစ် စက်မှုဇုန်နှင့် လှည်းကူးမြို့နယ်တို့၌ မီးလောင်ကျွမ်းမှုများဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၂၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် စက်မှုဇုန် ကနောင်မင်းသားကြီးလမ်းရှိ အသားတုလုပ်ငန်းနှင့် အသင့်စား မြန်မာအစားအစာများ ထုတ်လုပ်သည့်စက်ရုံ၌ ယမန်နေ့ည ၁၀နာရီ၁၅မိနစ်တွင် ဆီကြော်အိုးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းပြီး ည၁၁နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် စက်ရုံ၏ အဆောက်အအုံနှစ်လုံးနှင့် ယင်းစက်ရုံနှင့်ကပ်လျက်ရှိ ငါးမုန့်စက်ရုံမှ သုံးထပ်တိုက် အဆောက်အအုံတစ်လုံးတို့ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်ဆုံးရှုံး

ထို့အတူ ယနေ့နံနက် ၃နာရီ မိနစ်၅၀ခန့်တွင် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် အရှေ့မင်းလမ်းရှိ စားသောက်ဆိုင်၏ မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းပြီး နံနက်၄နာရီ ၁၀မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် ဆိုင်ခန်းနှစ်ခန်းမီးလောင်ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ရွှေပေါက်ကံစက်မှုဇုန်ရှိ အသားတုလုပ်ငန်းနှင့် အသင့်စားမြန်မာအစားအစာ များစက်ရုံနှင့် ငါးမုန့်စက်ရုံတို့ မီးလောင်ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေစဉ်။ (သတင်းစဉ်)

(၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)က ကြီးမှူးကျင်းပသော (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၄ရက် နံနက်၈နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက အဖွင့်အမှာစကားပြောကြားသည်။

ဖတ်ကြား

ထို့နောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ကျော်မြင့်နိုင်က အမှာစကားပြောကြားပြီး (၅၅)ကြိမ်မြောက် ဆရာဝန်ညီလာခံသို့ ပေးပို့သော သဝဏ်လွှာများကို အထွေထွေ အတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ မြင့်သောင်းက ဖတ်ကြားကာ ဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ညီလာခံအထိမ်းအမှတ် ဆေးနှင့်ဆေးပစ္စည်းပြခန်းဖွင့်ပွဲကို အဆိုပါ အဆောက်အအုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ဒေါက်တာကျော်မြင့်နိုင်နှင့် ဆပ်ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒေါ်နုနုသာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ဆေးနှင့် ဆေးပစ္စည်းပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ညီလာခံတွင် စာတမ်း ၆၅စောင်ကို ဖတ်ကြားမည်ဖြစ်ပြီး ဘာသာရပ် ၁၆ခု တို့ကို ဆွေးနွေးကြမည့်အပြင် အထိမ်းအမှတ် အားကစားပြိုင်ပွဲအဖြစ် ဂေါက်သီး ရိုက်ပြိုင်ပွဲအပါအဝင် အခြားအားကစား နည်းများကိုလည်း ထည့်သွင်းကျင်းပ ကြောင်း သိရသည်။

(သတင်းစဉ်)

မီးဖို မီးကြွင်းမီးကျန် သတိပြုရန် နှိုးဆော်ချက်

(က) မီးဖို မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) မိသားစုဝင်အားလုံးအပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ်(Main Switch)တို့အား ချထားပြီးမှ အပြင်သို့သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ရန်။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံးအပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့်မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။

(မီးသတ်ဦးစီးဌာန)

မီးကိုရိုသေစွာ စနစ်တကျကိုင်တွယ်အသုံးပြု မီးဘေးအန္တရာယ် ကြိုတင်တားဆီးကာကွယ်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံမှတ်တမ်း-သာညဏ်(သတင်းစဉ်)

- ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုများ ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုရန်၊
- မီးဖိုသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်
- မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ မပေါ့ဆသင့် အထူးသတိပြုသုံးစွဲရန်ဆိုသည့် သတိပေးဆောင်ပုဒ်ကလေးကို သတင်းစာများ၌ နေ့စဉ်နေ့တိုင်း တွေ့နေရသည်မှာ မိုးလွန်ကာလများကတည်းက ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရာသီဥတုအရ မိုးအကုန်ကာလ လွန်မြောက်လာလျှင် စာရေးသူတို့ နိုင်ငံသည် ပွင့်လင်းရာသီရောက်လာသည်။ ထိုမီးဘေးဆိုသည့် အန္တရာယ်ကြီးသည် သဘာဝအလျောက်ဖြစ်ပေါ်တတ်သည်ရှိသလို လူတို့၏ပေါ့ဆမှုကြောင့်လည်းဖြစ်တတ်၍ ယခုကဲ့သို့ ပွင့်လင်းရာသီ အချိန်အခါ၌ သတိပေးကြေညာချက်များ၊ တေးသီချင်းများ၊ မီးဘေးနှင့်သက်ဆိုင်သည့် ဇာတ်လမ်းတိုများကို အစဉ်အမြဲ ထုတ်လွှင့်ပြသပေးနေသည်မှာ များစွာထိရောက်အကျိုးရှိပေသည်။

များစွာထိခိုက်နစ်နာ

ထိုသို့ဖြင့် ပြည်သူလူထုများ အစဉ်အမြဲစည်းကမ်းရှိစွာဖြင့် မီးကိုသုံးစွဲကြသော်လည်း တစ်ခါတစ်ရံ ပေါ့ဆမိသူ တစ်ဦး တစ်ယောက်ကြောင့် ပြည်သူများ ဒုက္ခရောက်ကြရသည်မှာလည်း ရှိမြဲဖြစ်သည်။ မကြာသေးမီကာလများ၌လည်း မန္တလေးမြို့ရှိ ရတနာပုံဈေးကြီး မီးလောင်ကျွမ်းမှု၊ မော်လမြိုင်မြို့ဈေးကြီး မီးလောင်ကျွမ်းမှုများသည် ပြည်သူများအတွက် များစွာဆုံးရှုံး နစ်နာမှုများဖြစ်သကဲ့သို့ တိုင်းပြည်အတွက်လည်း များစွာထိခိုက်နစ်နာသည်ဆိုသည်မှာ ပြောစရာပင်မလို။

ရွှေ-ငါးမုန့်လုပ်ငန်း စက်ရုံမီးလောင်ကျွမ်းနေစဉ် ကျန်ရှိနေသော ကုန်ကြမ်းငါးမုန့်များကို သယ်ထုတ်နေစဉ်။

ယခုကဲ့သို့ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ပြည်သူအများ အစဉ်အမြဲ သတိနှင့်စည်းကမ်းရှိနေစေရန်အတွက် စည်းရုံးလှုံ့ဆော်ခြင်း၊ သတိပေးခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို တာဝန်ရှိသူများ၊ အဖွဲ့အစည်းများက လုပ်ဆောင်နေသော်လည်း တစ်ခါတစ်ရံ မီးလောင်မှုသတင်းများကို ကြားသိတွေ့မြင်နေရပြန်ပေသည်။ ထိုသို့ ကြားသိနေရသည့် မီးလောင်မှုသတင်းများအနက် ဇန်နဝါရီ၂၃ရက် ည၁၀နာရီ၁၅မိနစ်က ရန်ကုန်တိုင်း ရွှေပေါက်ကံမြို့သစ် ရွှေပေါက်ကံစက်မှုဇုန်နှင့် လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက်၌ စားသောက်ဆိုင်မီးလောင်မှုသတင်းများကို ထပ်မံကြားသိရပြန်သည်။

ရွှေ-ငါးမုန့်လုပ်ငန်းစက်ရုံမီးလောင်ကျွမ်းရာတွင် မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေစဉ်။

ကူးစက်လောင်ကျွမ်း

မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံစက်မှုဇုန်၌ မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပုံမှာ ကနောင်မင်းသားကြီးလမ်း အမှတ် ၃၃၃/၃၃၄၌ တည်ရှိသော အသားတုလုပ်ငန်းနှင့် အသင့်စားမြန်မာအစားအစာများထုတ်လုပ်သောစက်ရုံ၌ ဇန်နဝါရီ ၂၃ရက် ည ၁၀နာရီ ၁၅မိနစ်တွင် ဆီကြော်အိုးမှတစ်ဆင့် မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာ စက်ရုံအဆောက်အအုံနှစ်လုံး မီးလောင်ကျွမ်းသွားပြီး ၄င်းစက်ရုံနှင့် ကပ်လျက်ရှိသော ဗိုလ်တေဇလမ်းပေါ်ရှိ ရွှေငါးမုန့်လုပ်ငန်းစက်ရုံသို့ ထပ်မံကူးစက်လောင်ကျွမ်းခဲ့ရာ ထိုစက်ရုံ၏ သုံးထပ် အဆောက်အအုံမှာ မီးလောင်ကျွမ်းမှုဒဏ်ကို ခံခဲ့ရသည်။

စွမ်းဆောင်ကြိုးပမ်း

ထိုမီးလောင်မှုကို အခြားစက်ရုံများသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိစေရန်အတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် မီးသတ်ရဲဘော်များသည် မီးသတ်ကား ၂၇စီး၊ အုပ်ချုပ်မှုယာဉ် ၂၁စီး၊ သန္နေမီးသတ် ၂၇၁ဦး၊ အရန်မီးသတ် ၆၂ဦးနှင့်အတူ ပြည်သူများက စက်ရုံများ၏ ပတ်ပတ်လည်မှ မီးသတ်ရေပိုက်များဖြင့် စုပေါင်းစွမ်းဆောင်ကြိုးပမ်းကာ ငြိမ်းသတ်နိုင်ခဲ့သောကြောင့် တစ်နာရီကျော်အကြာအတွင်း မီးကိုနိုင်နင်းစွာငြိမ်းသတ်နိုင်ခဲ့သည်။ ထိုသို့ဝိုင်းဝန်းကြိုးစား စွမ်းဆောင်ငြိမ်းသတ်ခဲ့ကြ၍ အခြားစက်ရုံများသို့ မီးများ မကူးစက်နိုင်တော့ချေ။ ထို့အပြင် ရွှေငါးမုန့်စက်ရုံ သုံးထပ်အဆောက်အအုံ၌ မီးမလောင်ကျွမ်းသေးဘဲ ကျန်ရှိနေသော ငါးမုန့်ကုန်ကြမ်းများကို လုံခြုံရေးအဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများ၊ ပြည်သူများက စနစ်တကျ ဝိုင်းဝန်းသယ်ဆောင်ပြောင်းရွှေ့နိုင်ခြင်း သည်လည်း ဆုံးရှုံးမှုကြီးတစ်ရပ်အတွင်းမှ အောင်မြင်မှုလေးတစ်ခုဟုပင်ပြောရပေမည်။

အဆိုပါ မီးလောင်မှုနှင့်အတူ ဇန်နဝါရီ ၂၄ရက် နံနက် ၃နာရီ ၅၀မိနစ်ခန့်တွင်လည်း လှည်းကူးမြို့နယ် အောင်မင်္ဂလာရပ်ကွက် အရှေ့မင်းလမ်း အမှတ်၈/၂၇ရှိ ဆုံဆည်းရာစားသောက်ဆိုင်၌ မီးအားမြှင့်စက် အပူလွန်ကဲမှုမှ မီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းနှစ်ခန်း မီးလောင်ကျွမ်းခဲ့ရပြန်သည်။

ထိုကဲ့သို့ မီးလောင်မှုများကိုပြည်သူများအနေဖြင့် မျက်မြင်သင်ခန်းစာယူကာ မီးကိုစနစ်တကျရိုသေစွာကိုင်တွယ် အသုံးပြုရင်းဖြင့် မီးဘေးအန္တရာယ်များ ကြိုတင်တားဆီးကာကွယ်သွားရမည်ဖြစ်ပါကြောင်း တပ်လှန့်နှိုးဆော်လိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြုဘာသာရပ် ဟောပြောပို့ချပွဲ

တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်ချက်မြင့်မားရေး အထောက်အကူပြု ဘာသာရပ်ဟောပြောပို့ချပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၉ရက် နံနက် ၁၀နာရီ ၁၅မိနစ်က မန္တလေးမြို့ ချမ်းအေးသာစံ မြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း ပန်းမျိုးတစ်ရာ ခန်းမ၌ကျင်းပရာ မန္တလေးတိုင်းအေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်ငွေ၊ အမှတ်(၂)အခြေခံပညာ ဦးစီးဌာန(အထက်မြန်မာပြည်)ညွှန်ကြား ရေးမှူးချုပ် ဦးအေးလွင်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမ များ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြ သည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အမှတ်(၁၄) အခြေခံ ပညာအထက်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်သောင်းသောင်းဝင်းက တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မား ရေးနှင့် ပတ်သက်၍ စီစဉ်ဆောင်ရွက် ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ဂုဏ်ပြုလက်ဆောင်ပေးအပ်

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး ပို့ချဆွေးနွေးပေးသော ဆရာမ များဖြစ်သည့် မန္တလေးတက္ကသိုလ်မှ သချၤာ ပါမောက္ခ ဒေါက်တာ ဒေါ်ဝါဝါမြင့်၊ ရူပ ဗေဒ တွဲဖက်ပါမောက္ခ ဒေါ်ကြည်ကြည် သိန်း၊ ဓာတုဗေဒတွဲဖက်ပါမောက္ခ ဒေါ်စန်း စန်းရီတို့အား ဂုဏ်ပြု လက်ဆောင်များ ပေးအပ်သည်။ **(အပေါ်ပုံ)**

ဟောပြောပို့ချ

ယင်းအခမ်းအနားတွင် မန္တလေး တက္ကသိုလ်မှ ပါမောက္ခနှင့် တွဲဖက်ပါမောက္ခ ဆရာမများက သချၤာ၊ ရူပဗေဒ၊ ဓာတု ဗေဒ ဘာသာရပ်များနှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးပို့ချသွား မည်ဖြစ်ကြောင်း၊ အဆိုပါကျောင်းတွင် တက္ကသိုလ်ဝင်တန်း၌ ပညာသင်ကြားလျက် ရှိသော ကျောင်းသားကျောင်းသူ စုစုပေါင်း ၂၇၆ ဦးရှိကာ ကျောင်းတစ်ကျောင်းလုံး တွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၁၅၈ ဦး ပညာသင်ကြားလျက်ရှိပြီး တက္ကသိုလ်ဝင်တန်းအောင်ချက် မြင့်မား ရေးအတွက် ဟောပြောပို့ချပေးခြင်း ဖြစ် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဟိုင်းကြီးကျွန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၄

အမျိုးသား သဘာဝဘေးကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် သတ္တု တွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်သည် ဇန်နဝါရီ ၂၀ရက် နံနက် ပိုင်းက ဧရာဝတီတိုင်း ဟိုင်းကြီးကျွန်းဒေသ အတွင်းရှိ အုတ်တွင်းကျေးရွာသို့ရောက်ရှိပြီး အုတ်တွင်း-ကုန်းသာယာ-ကျောက်ကလပ်- ထိပ်စွန်းလမ်းပိုင်းဖောက်လုပ်ပြီးစီးမှု အခြေ အနေများကို ထိပ်စွန်းအထိ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ယင်းနောက်ဝန်ကြီးသည် ပြည်သာယာ ကျေးရွာ အခြေခံပညာမူလတန်းကျောင်း သို့ရောက်ရှိပြီး ကျောင်းဆောင်သစ်ဆောက် လုပ်ရေးနှင့် ကျောင်းအတွက် လိုအပ်သည် များကို ဖြည့်ဆည်းပေးသည်။

တစ်နိုင်တစ်ပိုင်

ထို့နောက် ဝန်ကြီးသည် ပြည်သာယာ ကျေးရွာရှိ ကျောက်ပုစွန်မွေးမြူရေးလုပ်ငန်း ကိုဝင်ရောက်ကြည့်ရှုပြီး မကျီးချိုင်ကျေးရွာ၌ မိုးရေလှောင်နိုင်ရေးအတွက် ကျောက်ထွင်း သောက်သုံးရေကန်တူးဖော်နေမှု အခြေအနေ နှင့် လက်ရှိသောက်သုံးရေကန်မှ ရေတုံကင် ဖြင့် သောက်သုံးရေ ထုတ်ယူသုံးစွဲနေမှု အခြေအနေများ၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုး ထားရှိမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ကုန်းသာ ယာကျေးရွာ အခြေခံပညာအလယ်တန်း ကျောင်းသို့ရောက်ရှိပြီး စာသင်ကြားနေ မှုကိုကြည့်ရှုအားပေးကာ စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှု အခြေအနေနှင့် ကျေးရွာ ကုန်မာဆိုင်တို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဝန်ကြီးသည် ကုန်းသာ ယာကျေးရွာရှင်းလင်းဆောင်၌ ဒေသခံ တာဝန်ရှိသူများ၊ ပတ်ဝန်းကျင် ကျေးရွာ များမှ ရပ်မိရပ်ဖများ၊ နယ်လှည့်ကျေးလက် ဖွံ့ဖြိုးရေး ပညာပေးအဖွဲ့ဝင်များ၊ ဆား လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

အောင်မြင်ဖြစ်ထွန်း

ထို့နောက် ဝန်ကြီးသည် သက္ကယ် သောင် ဆားတိုက်နယ် ဘုန်းတော်ပြည့် ကျေးရွာအုပ်စုရှိ ဆားလုပ်ငန်းရှင် ဦးထွန်း ရှိန်၏ ဆားကွင်းကိုကြည့်ရှုပြီး ကုန်းသာ ယာကျေးရွာ သာဂိချိုင်အတွင်းရှိ ကျေးရွာ ဘက်စုံ စံပြစိုက်ပျိုးခြံအတွင်း သီးပင် စားပင်များ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်း နေမှုနှင့် ကျေးလက် ရေပေးဝေရေးစခန်း တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

(သတင်းစဉ်)

Fujitsu Notebook & LCD မိတ်ဆက်ရောင်းချပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

Fujitsu Notebook များ မိတ်ဆက် ရောင်းချပွဲများကို ဇန်နဝါရီ ၂၁ရက်မှ ၂၅ ရက်အတွင်း Blueray Digital IT Show Room Citicom, ICE Computer Center, Syntax Computer Sales & Service နှင့် Technoland Computer Sales & Service တို့တွင် အသီးသီး ကျင်းပလျက်ရှိသည်။ **(အပေါ်ပုံ)**

စုံလင်စွာရောင်းချ

အဆိုပါ Fujitsu Notebook များ ကို ဂျပန်နိုင်ငံတွင် ထုတ်လုပ်ပြီး A1110 အုပ်စုရောင်ကွဲနှစ်ရောင်၊ A1010 အုပ်စု ရောင်ကွဲငါးရောင်နှင့် Lifebook S6420, Lifebook 6520, Lifebook U2010 စသည်ဖြင့် Model များ စုံလင်စွာရောင်းချ ပေးနေသည်။

အချိန်ကြာကြာအသုံးပြုနိုင်

အဆိုပါ Fujitsu Notebook များ၏ ထူးခြားချက်မှာ Grade A LCD Panel ဖြင့် Screen ပြုလုပ်ထားခြင်း၊ Keybook ကို ရေ၊ ကော်ဖီမတော်တဆ ဖိတ်ကျပါက အတွင်းသို့မစီးကျစေဘဲ အလွယ်တကူ သန့်ရှင်းနိုင်အောင် စီမံ ပြုလုပ်ထားခြင်း၊ L1010 Model တွင် DDR3 (1066MHz) အသုံးပြုထား သဖြင့် Performanceကို 20 ရာခိုင်နှုန်း တိုးစေခြင်း၊ Air Dust Technology အသုံးပြုထားသဖြင့် ကွန်ပျူတာအတွင်း အပူချိန်ကိုမတက်စေရန် အထူးစီမံထားခြင်း၊ High Capacity Battery ပါရှိသဖြင့် တစ်ကြိမ် အားသွင်းပြီးရုံဖြင့် အချိန်ကြာကြာ အသုံးပြုနိုင်ခြင်းတို့ ဖြစ်သည်။

ထို့အပြင် Finger Print Sensor, TMP (Trusted Platform Module) များပါရှိသဖြင့် Security အတွက်လည်း စိတ်ချရသည်။

မေးမြန်းစုံစမ်းနိုင်

1.3 Mega Pixel Webcam ပါရှိသဖြင့် Video Communication အတွက်လည်း အထူးကောင်းမွန်ကြောင်း၊ ဆက်သွယ်ဝယ်ယူလိုပါက Blueray Digital IT Show Room ဖုန်း-၅၅၆၁၁၈၊ ၅၅၄၇၄၅၊ Citicom ဖုန်း- ၃၈၁၇၂၀၊ ၃၇၄၅၅၄၊ ၂၄၆၀၂၀၊ ICE Computer Center ဖုန်း-၂၂၈၈၀၅၊ ၂၁၅၃၅၃၊ ၂၁၆၄၈၄၊ Syntax Computer Sales & Service ဖုန်း-၂၂၄၄၄၁၊ Technoland Computer Sales & Service ဖုန်း-၂၄၉၅၆၅၊ ၃၈၄၇၈၀ တို့တွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြက်ခြေနီလူငယ်ခေါင်းဆောင်သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၂၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မွန်ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီ တို့ ပူးပေါင်းဖွင့်လှစ်သော ကြက်ခြေနီ လူငယ်ခေါင်းဆောင် သင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၅ရက်က သံဖြူ ဇရပ်မြို့နယ် စက်စဲကမ်းခြေရှိ အဏ္ဏဝါသိပ္ပံ ဌာန သင်တန်းခန်းမ၌ကျင်းပရာ မြန်မာ နိုင်ငံကြက်ခြေနီအသင်း ဗဟိုကောင်စီဝင် မွန်ပြည်နယ် ကြက်ခြေနီတပ်ဖွဲ့(ဦးစီး) ပထမတန်း ဦးကျော်မြင့်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းဆင်းပွဲသို့ မြန်မာ နိုင်ငံကြက်ခြေနီအသင်း အမှုဆောင် ဦးထွန်း မြင့်၊ ပြည်နယ်နှင့်မြို့နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဝင်များ၊ ပြည်နယ်နှင့် တိုင်းများရှိ တက္ကသိုလ်များမှ ကြက်ခြေနီ တပ်ဖွဲ့ဝင် ၆၀နှင့် တာဝန်ရှိသူများ တက် ရောက်ကြသည်။

ဆုပေးအပ်

ထို့နောက် တာဝန်ရှိသူများက မြန်မာ၊ အင်္ဂလိပ် စာစီစာကုံးပြိုင်ပွဲ၊ စည်းကမ်း လိုက်နာမှုပြိုင်ပွဲ၊ ဒေသန္တရဗဟုသုတရှာမှီးမှု ပြိုင်ပွဲတို့တွင် ဆုရရှိသူများနှင့် သင်တန်း ထူးချွန်ဆုရရှိသူတို့အား ဆုများကို ပေးအပ် ချီးမြှင့်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပညာရည်ချွန်ဆု

ဇန်နဝါရီစရက်က ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အလယ်တန်းကျောင်း၏ ပညာရေး စုံညီ ပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲကို ကျင်းပရာ ထူးချွန်ဆုရ အဋ္ဌမတန်း ကျောင်းသား မောင်ထူးထူးလင်းအား အလက(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီက ဆုပေးအပ်ချီးမြှင့်စဉ်။

(မြို့နယ် ပြန်/ဆက်)

MAY Int'l School ၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ် အင်္ဂလိပ်စာ Essay ပြိုင်ပွဲနှင့် Scholarship Program ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၄

MAY Int'l School ၏ (၁၀)နှစ် ပြည့် အထိမ်းအမှတ်အဖြစ် အခြေခံပညာ မူလတန်း၊အလယ်တန်း၊အထက်တန်းကျောင်း သား၊ ကျောင်းသူများအား အင်္ဂလိပ်စာ Essay ပြိုင်ပွဲ ဖြေဆိုစေပြီး Scholarship ဆုများ ပေးအပ်မည်ဖြစ်ရာ စိတ်ပါ ဝင်စားသူ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင် နိုင်သည်။

တက်ရောက်ခွင့်ရရှိမည်

အဆိုပါ Scholarshipဆုရရှိသူများ သည် MAY Int'l School ၏ ၂၀၀၉ ခုနှစ် မတ်လမှ မေလအထိ ဖွင့်လှစ်မည့် နွေရာသီအင်္ဂလိပ်စာသင်တန်းကို တက် ရောက်ခွင့်ရရှိမည်ဖြစ်ပြီး အမှတ် ၉၀ အထက်ရရှိသူများအတွက် ၁၀၀ရာခိုင်နှုန်း Scholarship၊ ၇၅မှတ်အထက်ရရှိသူများ အတွက် ၇၅ ရာခိုင်နှုန်း Scholarship နှင့် အမှတ် ၅၀အထက်ရရှိသူများအတွက် ၅၀ရာခိုင်နှုန်း Scholarship ပေးမည်ဖြစ် ကြောင်း၊ Essay Topic များကို Level အလိုက် သတ်မှတ်ထားပြီး MAY Int'l School တွင် ကြိုတင်ရယူ၍ ဇန်နဝါရီ ၂၄ရက်မှ ၃၁ရက်အတွင်း အဆိုပါကျောင်း၌ လာရောက်ဖြေဆိုနိုင်ကြောင်း သိရသည်။

ဖွင့်လှစ်ပေးမည်

ထို့အပြင် MAY Int'l School၏ ၂၀၀၉ နွေရာသီသင်တန်းကို မတ် ၉ရက်မှ မေ ၃၁ရက်အထိ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပြီး မူလတန်းမှ အထက်တန်းအထိ ကျောင်းသားကျောင်းသူများ တက်ရောက် နိုင်ကြောင်း၊ သင်ကြားမည့်ဘာသာရပ် များမှာEnglish(Reading, Writing, Listening, Speaking, Grammar)၊ Mathematics၊ Computer Based English၊ Science, Genaral Knowledge၊ International Culture၊ Arts၊ Sports & Excursion နှင့် Singing & Movie တို့ဖြစ်ပြီး အချိန်ပိုင်းသင်တန်း၊ အချိန်ပြည့်သင်တန်း၊ စနေ၊ တနင်္ဂနွေသင်တန်းများ ဖွင့်လှစ် ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

အဆိုပါ သင်တန်းသို့ ဇန်နဝါရီ ၂၆ရက်မှ ၃၁ရက်အထိ ကျောင်းအပ်နှံသူ များအား ၅ရာခိုင်နှုန်းမှ ၁၀ရာခိုင်နှုန်း အထိ Discount ပေးမည်ဖြစ်ပြီး အသေး စိတ်သိရှိလိုပါက MAY Int'l School အမှတ် ၉၁(အေ) ဗညားဒလလမ်း ဗဟန်း မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၅၃၇၅၊ ၅၄၄၂၂၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင် ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှနိုင်ငံအချို့၏ ရာသီဥတုအခြေအနေ

စုစည်းတင်ပြသူ - မောင်ချစ်ကြည်

ရန်ကုန် ဇန်နဝါရီ ၂၄

အာရှနိုင်ငံအချို့တွင် ဇန်နဝါရီ ၂၄ ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေနှင့် နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရာ ရာသီဥတုခန့်မှန်းချက်များကို အင်တာနက်မှရယူကာ ဖော်ပြလိုက်ရပါသည်-

ဂျပန်

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသများတွင် တိမ်များဖြစ်ထွန်းကာ အအေးပိုခဲ့သည်။ ဂျပန်နိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၄ရက်က ပျမ်းမျှအပူချိန် နေ့ပိုင်း၌ ၉ ဒီဂရီစင်တီဂရိတ်သာရှိခဲ့ပြီး ညအပူချိန် ၁ ဒီဂရီစင်တီဂရိတ် ရှိခဲ့သည်။ နိုင်ငံအရှေ့တောင်ပိုင်းဒေသအချို့တွင် ဆီးနှင်းများကျဆင်းခဲ့သည်။ နောက်နှစ်ရက်အတွက် ဖြစ်နိုင်ဖွယ်ရာသီဥတုအခြေအနေမှာ အပူချိန်များ ဆက်လက်ကျဆင်းမည်ဖြစ်သည်။ ဟွန်ရှူးကျွန်းနှင့် ဟိုကိုင်းဒိုးကျွန်းတို့တွင် လေပြင်းများတိုက်ခတ်နိုင်ပြီး ကမ်းခြေဒေသများတွင် မိုးရွာသွန်းနိုင်သည်။ နိုင်ငံနေရာဒေသအများအပြားတွင် တိမ်ထူပြီး အချို့ဒေသများ၌ သာယာမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။

တရုတ်

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် ဇန်နဝါရီ၂၄ရက်က သိသိသာသာ အအေးပိုခဲ့သည်။ အပူချိန်မှာ -၂ဒီဂရီစင်တီဂရိတ်အထိကျဆင်းပြီး နံနက်ပိုင်းဆီးနှင်းများ ကျဆင်းခဲ့သည်။ အနောက်တောင်ပိုင်း၌ တစ်နာရီလျှင် ၁၁မိုင်နှုန်းလေအေးများ တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တရုတ်မြို့ကြီးများဖြစ်သော ချန်ဒူ၊ ကူမင်း၊ နန်နင်း၊ ရှန်ဟိုင်းနှင့် ဟန်ကျိုးမြို့များတွင် တိမ်များဖြစ်ထွန်းပြီး သာသာယာယာရှိမည်ဖြစ်သည်။ သို့သော် ညပိုင်းအပူချိန်များမှာ ပျမ်းမျှ -၅ ဒီဂရီစင်တီဂရိတ်ရှိမည်။ မြောက်ပိုင်းဒေသများတွင် နှင်းမုန်တိုင်း တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း ဖော်ပြသည်။

သီရိလင်္ကာ

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် ဇန်နဝါရီ၂၄ရက်က တိမ်များဖြစ်ထွန်းပြီး နေရာကွက်၍ မိုးရွာသွန်းခဲ့သည်။ တစ်နိုင်ငံလုံးတွင် ပျမ်းမျှအပူချိန် ၂၃ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး အရှေ့တောင်ဘက်မှ တစ်နာရီလျှင်မိုင်၂၀နှုန်းလေများ တိုက်ခတ်ခဲ့သည်။ နောက်နှစ်ရက်အတွက် ရာသီဥတုခန့်မှန်းချက်မှာ သီရိလင်္ကာကမ်းလွန်ပင်လယ်ပြင်တွင် တစ်နာရီမိုင် ၅၀နှုန်း လေပြင်းများတိုက်ခတ်ကာ မိုးရွာသွန်းနိုင်သည်။ အနောက်တောင်ကမ်းခြေဒေသအချို့၌ မိုးရွာသွန်းနိုင်ကြောင်း ခန့်မှန်းထားသည်။

နီပေါ

နီပေါနိုင်ငံတစ်ဝန်းတွင် ဇန်နဝါရီ ၂၄ရက်က ပျမ်းမျှအပူချိန် ၂၃ဒီဂရီစင်တီဂရိတ်ရှိခဲ့သည်။ အနောက်ဘက်မှ လေအေးများ တစ်နာရီလျှင် ၁၁မိုင်နှုန်းတိုက်ခတ်ခဲ့သော်လည်း တိမ်များဖြစ်ထွန်းကာ သာသာယာယာရှိခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ခတ္တမန္ဒူမြို့တွင် နေ့အပူချိန် ၇ဒီဂရီစင်တီဂရိတ်သာရှိနိုင်သော်လည်း ညအပူချိန် ၂၃ဒီဂရီစင်တီဂရိတ်အထိ ရှိနိုင်မည်ဖြစ်သည်။ တစ်နိုင်ငံလုံးအနေဖြင့် သာသာယာယာရှိနိုင်မည်ဖြစ်ကြောင်း ဖော်ပြသည်။

အိန္ဒိယ

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ဇန်နဝါရီ ၂၄ရက်က ပျမ်းမျှအပူချိန် ၃၁ဒီဂရီစင်တီဂရိတ်ရှိခဲ့ပြီး အနောက်ဘက်မှလေများ တစ်နာရီ ၁၅မိုင်နှုန်းတိုက်ခတ်ခဲ့သည်။ အိန္ဒိယနိုင်ငံ မြောက်ပိုင်းဒေသအချို့တွင် တိမ်များဖြစ်ထွန်းခဲ့သော်လည်း သာယာခဲ့သည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အိန္ဒိယနိုင်ငံကမ်းရိုးတန်းဒေသအချို့တွင် မိုးရွာသွန်းနိုင်ပြီး ပင်လယ်ပြင်၌ တစ်နာရီမိုင် ၄၀နှုန်း တိုက်ခတ်သော လေပြင်းများကြောင့် လှိုင်းကြီးနိုင်ကြောင်း ခန့်မှန်းဖော်ပြထားသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အိပ်ရေးပျက်ခြင်းသည် အဝလွန်မှုကိုဖြစ်စေနိုင်

ညပိုင်းတွင် အိပ်ရေးပျက်မှုများပါက နှလုံးရောဂါနှင့် အဝလွန်ခြင်းများဖြစ်ပွားမှု အခွင့်အလမ်းပိုမိုများပြားကြောင်း အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်တစ်ရပ်၌ ဖော်ပြထားသည်။

ဖြစ်ပွားနိုင်

တစ်ညလျှင် အိပ်ချိန်အနည်းဆုံး ခုနစ်နာရီခွဲရှိသင့်ပြီး ထို့ထက် အိပ်ချိန်နည်းသူများသည် နှလုံးရောဂါနှင့်ရုတ်တရက်လေဖြတ်ခြင်းဝေဒနာများ ဖြစ်ပွားနိုင်မှု ၃၃ ရာခိုင်နှုန်း ပိုမိုများသည်ဟု ၎င်းတို့၏ သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

၅၀ ရာခိုင်နှုန်း

ထို့အတူ ဂျပန်သုတေသနပညာရှင်များ၏ တွေ့ရှိချက်၌လည်း လပေါင်း ၅၀ ဆက်တိုက် အိပ်ရေးပျက်ပါက ရုတ်တရက် လေဖြတ်ခံရမှု ၅၀ ရာခိုင်နှုန်းခန့်အထိ ဖြစ်ပွားနိုင်ကြောင်း၊ အိပ်ရေးပျက်သော အမျိုးသား၊ အမျိုးသမီး ၂၀၀၀ အား သုတေသနပြုခဲ့ရာ ၁၃၀၀ ခန့်သည် နှလုံးရောဂါနှင့် သွေးတိုးရောဂါများဖြစ်ပွားနေသည်ကို တွေ့ရှိခဲ့ရသည်ဟု ဖော်ပြထားသည်။

အဝလွန်

အသက်အရွယ် ကြီးရင့်သူများအနေဖြင့် ညပိုင်းအိပ်ချိန်နည်းသွားတတ်ခြင်းမှာ သွေးတိုးနှင့် နှလုံးရောဂါများဖြစ်ပွားရန် အခွင့်အလမ်းများစေကြောင်း၊ ထို့အတူ အိပ်ရေးပျက်ခြင်းသည် အဝလွန်ခြင်းနှင့် ဆက်စပ်မှုရှိနေကြောင်း စစ်ဆေးတွေ့ရှိရသည်ဟု ဆို၏။

အက်ဖ်အေဖလား စတုတ္ထအဆင့် ရှုံးထွက်ပြိုင်ပွဲများ ယှဉ်ပြိုင်

အိမ်ရှင် ချယ်လ်ဆီးနှင့် မန်ယူတို့ မျက်နှာပန်းလှ

စုစည်းတင်ပြသူ - ချစ်စိုးနိုင်

လန်ဒန် ဇန်နဝါရီ ၂၄

အက်ဖ်အေဖလား ရှုံးထွက်ပြိုင်ပွဲများကို ဇန်နဝါရီ၂၄ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ပရီမီယာလိဂ် ထိပ်ပိုင်းတွင် ရပ်တည်နေသော ချယ်လ်ဆီးအသင်းသည် ချန်ပီယံရှစ်မှအသင်းငယ်လေးဖြစ်သည့် အစ်ဆွစ်ချ်တောင်းအသင်းနှင့် စတန်းဖို့ဒ်ဘရစ်ဂျ်၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးတို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပွဲထွက်ကစား

ချယ်လ်ဆီးအသင်းသည် ဂိုးတွင် ပီတာဆက်ချ်၊ ခံစစ်မှူးများအဖြစ် ဘိုစင်ဝါ၊ ကာဗယ်ဟို၊ အဲလက်စ်၊အက်ရှ်လေကိုး၊ ဘယ်လက်တီတို့ကို အမာခံထားကာ ကွင်းလယ်တွင် ဘောလက်၊ လမ်းပတ်၊ မာလူဒါ၊ တိုက်စစ်တွင် ကာလူး၊ အနယ်ကာတို့ဖြင့် ပွဲထွက်ကစားခဲ့သည်။

ကြဲ့ကြဲ့ခံ

အစ်ဆွစ်ချ် အသင်းကမူ ဂိုးတွင် ရစ်ချက်ရိုက်၊ တိုက်စစ်၌ မက်အော်လေ၊ ဘရစ်၊ ဘယ်လ်ကက်စတိန်း၊ ကွင်းလယ်တွင် ဂါဗင်၊ မီလာ၊ နောရစ်၊ ပေးနက်စ်နှင့် တိုက်စစ်တွင် ကော်နာဂို၊ ဝေါလ်တာတို့ဖြင့် အိမ်ရှင်အသင်းအား ကြဲ့ကြဲ့ခံရင်ဆိုင်ခဲ့သည်။

ပွဲစလျှင်စချင်း အိမ်ရှင်ချယ်လ်ဆီးတို့ အစ်ဆွစ်ချ်အသင်းဘက်သို့ လျင်လျင်မြန်မြန်ဖြင့် ထိုးဖောက်တိုက်စစ်ဆင်ခဲ့သည်။ ပွဲချိန် နှစ်မိနစ်တွင် ဘိုစင်ဝါနှင့် အက်ရှ်လေကိုးတို့ ဖန်တီးပေးသော ဘောလုံးကို ကွင်းလယ်မှ မာလူဒါက ဆွဲပြေးကာ အစ်ဆွစ်ချ်ဂိုးတွင်းသို့ ဘယ်ခြေဖြင့် ကန်သွင်းခဲ့သော်လည်း အစ်ဆွစ်ချ်ဂိုးသမား ရိုက် ကာကွယ်နိုင်ခဲ့သည်။

ပွဲချိန် ၆မိနစ်တွင် အစ်ဆွစ်ချ်အသင်းမှ တိုက်စစ်မှူးဝေါလ်တာ ဂိုးသွင်းရန် ကြိုးစားသော်လည်း ဘေးထွက်သွားခဲ့သည်။

ပွဲချိန် ၈မိနစ်တွင် လမ်းပတ် ဘောလုံးဖြတ်သယ်ကာ ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း အစ်ဆွစ်ချ်နောက်တန်းကို မကျော်ဖြတ်နိုင်ချေ။ ကိုးမိနစ်တွင် ကွင်းလယ်မှ ဘောလက် ဘယ်ခြေဖြင့် အစ်ဆွစ်ချ်အသင်းဘက်သို့ ကန်သွင်းခဲ့သော်လည်း လွဲချော်သွားခဲ့ပြန်သည်။

ချယ်လ်ဆီးတို့ ပထမပိုင်းပွဲစကတည်းက အစ်ဆွစ်ချ်အသင်းဘက်သို့ တရစပ်တိုက်စစ်ဆင်ထိုးဖောက်ကစားခဲ့ရာ ပွဲချိန် ၁၆မိနစ်တွင် ဘောလက်(**အပေါ်ပုံ**)က အစ်ဆွစ်ချ်ဂိုးဧရိယာအတွင်း ၁၂ ကိုက်အကွာမှ ညာခြေဖြင့် အပြင်းကန်သွင်းခဲ့ရာ ဂိုးဝင်သွားသဖြင့် ချယ်လ်ဆီးတို့ ဦးဆောင်ဂိုး ရရှိသွားခဲ့သည်။

တစ်ဂိုးနစ်နာ

ဂိုးပေးလိုက်ရပြီးနောက် အစ်ဆွစ်ချ်တို့ ချေပဂိုးပြန်လည်ရရှိရေး ကြိုးစားခဲ့သည်။ ၂၂မိနစ်တွင် အစ်ဆွစ်ချ်မှ ဒေးဗစ်နောရစ်က ကွင်းလယ်တွင် ဖျက်ထုတ်ရင်းရရှိလာသော ဘောလုံးမှတစ်ဆင့် ချယ်လ်ဆီးဘက်သို့ ဂိုးသွင်းရန် ကြိုးစားခဲ့သော်လည်း ချယ်လ်ဆီးနောက်တန်းက ကာကွယ်နိုင်ခဲ့သဖြင့် အစ်ဆွစ်ချ်တို့ တစ်ဂိုးနစ်နာခဲ့ရသည်။

ပွဲချိန် ၃၄ မိနစ်တွင် အစ်ဆွစ်ချ်မှ ဂါဗင် ဖြတ်ပေးလိုက်သော ဘောလုံးကို ဘရစ်က ချယ်လ်ဆီးဂိုးနှင့် ခြောက်ကိုက်အကွာမှ ညာခြေဖြင့် အပြင်းကန်သွင်းလိုက်ရာ ဂိုးဝင်သွားသဖြင့် ပထမပိုင်းပွဲပြီးသည်အထိ တစ်ဂိုးစီသရေကျနေခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်ဖက်စလုံး အနိုင်ဂိုးရရှိရေးအတွက် အစွမ်းကုန် ကြိုးပမ်းခဲ့ကြသော်လည်း မိနစ် ၅၀ ကျော်သည်အထိ ရလဒ်ကို မပြောင်းလဲနိုင်ခဲ့ကြချေ။

မျက်နှာပန်းလှ

၅၉မိနစ်တွင်ရသော ဘယ်ထောင့်ကန်ဘောမှတစ်ဆင့် မိုက်ကယ်ဘောလက်က ကန်သွင်းရာမှ ဒုတိယဂိုးရရှိခဲ့သဖြင့် ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ ချယ်လ်ဆီးတို့ ကစားကွက်အသာဖြင့် တစ်ဖက်သတ် ဖိကစားနိုင်ခဲ့ရာ ၈၅ မိနစ်တွင် လမ်းပတ်က ချယ်လ်ဆီးအတွက် တတိယဂိုးကို သွင်းယူခဲ့သဖြင့် ပွဲပြီးချိန်တွင် အိမ်ရှင်ချယ်လ်ဆီးတို့ အစ်ဆွစ်ချ်အား သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး မျက်နှာပန်းလှခဲ့သည်။

အခြားပွဲရလဒ်များ

ဟတ်ပူး	၀ - ၂	ဝက်စ်ဟမ်း
ဒွန်ကက်စတာ	၀ - ၀	အက်စ်တွန်ဗီလာ
ဟူးလ်စီးတီး	၂ - ၀	မီဝေါလ်
ကက်တာရင်း	၂ - ၄	ဖူလ်ဟမ်
ပို့စ်မောက်	၀ - ၂	ဆွမ်ဆီးလ်
ရှက်ဖီးလ်	၂ - ၁	ချာလ်တန်
ဆန်းဒါးလန်း	၀ - ၀	ဘလက်ဘန်း
တိုကေး	၀ - ၁	ကိုဗင်ထရီ
ဝက်ဖို့ဒ်	၄ - ၃	ခရစ္စတယ်ပဲလေ့စ်
ဝက်စ်ဘရွန်း	၂ - ၂	ဘန်လေ
ဝူဗာဟမ်တန်	၁ - ၂	မစ်ဒယ်ဘရော့
မန်ယူ	၂ - ၁	စပါး

ကိုးကား-အင်တာနက်

နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု ဝမ်ဟွမ်ကျေးရွာတွင် ဒေသခံတိုင်းရင်းသားများအား နိုင်ငံသား စိစစ်ရေးကတ်ပြား ပေးအပ်ပွဲ အခမ်းအနားကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးသန်းဇော်ဦးက ဟောင်လိတ် ကျေးရွာအုပ်စုမှ ဒေသခံတိုင်းရင်းသားတစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်စဉ်။

(သတင်းစဉ်)

စလင်းမြို့၌ ရေစီးရေလာ ကောင်းမွန်ရေး ဆောင်ရွက်

စလင်း ဇန်နဝါရီ ၂၄

စလင်းမြို့ နယ်စပ်စည်ပင် သာယာရေးအဖွဲ့မှ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ၂၀၀၈-၂၀၀၉ဘဏ္ဍာရေးနှစ်တွင် တာဝန်ခံအင်ဂျင်နီယာ ဦးကျော်မင်းသန့် ဆောင်ရွက်သည့် ဆင်ဖြူကျွန်း အုတ်စီရေမြောင်းကို ဒီဇင်ဘာ၂၀ရက်က အမှုဆောင်အရာရှိဦးသန်းဦးက ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

ဟားခါး၊ ပင်လောင်းနှင့် လွိုင်လင်မြို့များ၌ အအေးပေါ့

ရန်ကုန် ဇန်နဝါရီ ၂၄

ဇန်နဝါရီ ၂၄ရက်က ဖြစ်ပေါ်ခဲ့သော ရာသီဥတုအခြေအနေကို ဖော်ပြရပါက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ကျန်ဒေသများ၌ အများအားဖြင့် သာယာခဲ့သည်။

ညအပူချိန်

ညအပူချိန်များမှာ မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၌ ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၆ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့် ညအပူချိန်များမှာ ဟားခါးမြို့၊ ပင်လောင်းမြို့နှင့် လွိုင်လင်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဇန်နဝါရီ ၂၅ရက် (**ယနေ့**) ပြည်နယ်နှင့်တိုင်းများ၏ ရာသီဥတုအခြေအနေကို ခန့်မှန်းရပါက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာမည်ဖြစ်သည်။

သာယာမည်

ဇန်နဝါရီ ၂၅ရက် (**ယနေ့**) နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးအနီးတစ်ဝိုက် အများအားဖြင့် သာယာမည်ဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေကို ဖော်ပြရပါက ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်၌ အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်တွင်မူ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြလိုက်ရပါသည်။ ။

ကိုးကား - မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ချက်

လုထဲကလု ဖေးမကူ

❖ နှစ်ထောင့်သုံးဖေဖော်ဝါရီ လရာသီမှာ
အနာကြီးရောဂါ ကင်းဝေးကွာကြောင်း
ကမ္ဘာသို့မြန်မာ ကြေညာတစ်မူ
အောင်လံထူမို့ ယခုမူခြောက်နှစ်တင်းတင်း ပြည့်ခဲ့ပြီ။

❖ ဟိုရှေးယခင် ရောဂါရှင်များ
မှန်ပင်ဆေးပေါင်း ဆေးစွမ်းကောင်း၍
အကြောင်းရင်းခံ ပျောက်ကြောင်းမှန်လျက်
တစ်ဖန်ရောဂါ ဆက်မဖြစ်ပါခဲ့
ဝေဒနာရှင်ဟောင်း ယခုကောင်းသူ
ကံကောင်းသူများ သားသမီးများတွင်
မှန်ပင်လက္ခဏာ မရှိပါသော်ငြား
ခွဲခြားဆက်ဆံ မှားနေဟန်ကို
ဧကန်ပြုပြင်သင့်တော့သည်။

❖ နှစ်စဉ်တိုင်းမှန် ဇန်နဝါရီ
ရောက်ပြီနောက်ဆုံးပတ် ကျလတ်တစ်ထွေ
တနင်္ဂနွေကား မသွေတစ်နည်း
အနာကြီးရောဂါ နေ့မှန်ပါမို့
သေချာမမေ့ ထိုနေ့ကစ
စာနာထောက်ထား မခွဲခြားဘဲ
လူသားချင်းကြည်ဖြူ ဖေးမကူစို့။ ။

ဒေါက်တာသန်းဦး

ဒေသစိမ်းလန်းစိုပြည်ရေး များစွာအထောက်အကူပြုမည့်အပြင် စပါးနှင့် အခြားသီးနှံဧက ၃၀၀ကို စိုက်ပျိုးရေပေးဝေနိုင်မည့်

ခင်မွန်ရေလှောင်တမံကို ရေစကြိုမြို့နယ်၌ တည်ဆောက်ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၂၄

မကွေးတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာအနီး မကွေးတိုင်း ဆည်မြောင်းဦးစီးဌာန(ထိန်းသိမ်းရေး)က တာဝန်ယူတည်ဆောက်ပြီးစီးသွားသည့် ခင်မွန်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါရေလှောင်တမံအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်၊ ဆည်မြောင်းဦးစီးဌာန(ရုံးချုပ်)မှတာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်နှင့်ရေစကြိုမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

လျာထားစိုက်ပျိုး

ရှေးဦးစွာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဘုန်းမော်ရွှေက အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်လိုက်သည့် ခင်မွန်ရေလှောင်တမံသည် နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင်အတွက် ဒေသဝမ်းစာ ဖူလုံရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်း၇၁ခုတွင် ပါဝင်သည့်ရေလှောင်တမံတစ်ခုဖြစ်ကြောင်း၊ မကွေးတိုင်းအနေဖြင့် ဆီဖူလုံမှု ရာခိုင်နှုန်းတွင် ၄၀၀ ရာခိုင်နှုန်းကျော် အထိ တိုးတက်အောင် ဆောင်ရွက်ခဲ့သည့်အပြင် ဒေသဆန်ဖူလုံရေး၁၀၁ ဒသမ ၄၆ ရာခိုင်နှုန်း ရရှိစေရန်အတွက် ရေရရှိရေး နည်းလမ်းများအလိုက် ယခုနှစ်တွင် မိုးစပါးဧက ၈၇၀၀၀၀ကျော် စိုက်ပျိုးခဲ့ပြီး နွေစပါးဧက ၁၆၀၀၀၀ ကို လျာထားစိုက်ပျိုးလျက် ရှိကြောင်း။

မကွေးတိုင်းအတွင်း မူလကဆည်၊ ကန် ၄၃ခု၊ ဆည်ရေသောက် ဧရိယာ ၂၆၁၂၆၁ ဧက ရှိခဲ့ရာမှ ယခုဖွင့်လှစ်လိုက်သည့် ခင်မွန်ရေလှောင်တမံအပါအဝင် ၄၄ခုအထိ တည်ဆောက်ပေးနိုင်ခဲ့ပြီးဖြစ်၍ ဆည်ရေသောက် ဧရိယာ ၂၆၁၅၆၁ဧကအထိ တိုးတက်လာခဲ့ပြီဖြစ်ကြောင်း၊ နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပခုက္ကူခရိုင် ဒေသဝမ်းစာဖူလုံရေး၊ ဒေသစိမ်းလန်းစိုပြည်ရေးတို့အတွက် ဆည်၊ ကန်၊ တမံငယ် ၇၁ခုကို စီမံချက်ချ ဆောင်ရွက်စေခဲ့ရာတွင်ဆည်ငယ်၊တမံငယ် ၂၄ခုကို မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှု၊ပခုက္ကူခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီများ၏ ကြီးကြပ်ကွပ်ကဲမှု၊ ဆည်မြောင်းဦးစီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ အကူအညီများဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိသော၄၇ခုကို ဆည်မြောင်းဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ရာ ခင်မွန်ရေလှောင်တမံအပါအဝင်ဆည်၊ တမံ စုစုပေါင်း၆၃ခု တည်ဆောက်ပြီးဖြစ်၍ ဆည်ရေသောက်ဧရိယာ စုစုပေါင်း၇၁၀၃ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီဖြစ်ကြောင်း။

ထိန်းသိမ်းစောင့်ရှောက်

တည်ဆောက်ရန်ကျန်ရှိသောဆည်၊ တမံတို့ကိုလည်း အချိန်နှင့်တစ်ပြေးညီ ပြီးစီးအောင် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ခင်မွန် ရေလှောင်တမံသည် ဒေသခံတောင်သူများအတွက်သားစဉ်မြေးဆက် တန်ဖိုးမဖြတ်နိုင်သော စီးပွားရေးအထောက်အကူပြု အမွေအနှစ်ဖြစ်သည့်အတွက် ရေလှောင်တမံများ၊ ရေပေးမြောင်းများ ရေရှည်တည်တံ့ ကြံ့ခိုင်ရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် ဒေသခံ ပြည်သူတစ်ဦးက ခင်မွန်ရေလှောင်တမံတည်ဆောက်ပေးခြင်းအတွက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးက ခင်မွန်ရေလှောင်တမံကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနဒုတိယဝန်ကြီးတို့နှင့်အတူကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာများဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် ခင်မွန်ရေလှောင်တမံ မုခ်ဦးရှေ့တွင် မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအုန်းမြင့်တို့က ခင်မွန်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် တာဝန်ရှိသူများ နှင့်အတူ ခင်မွန်ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

အထောက်အကူပြု

ခင်မွန်ရေလှောင်တမံသည်ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာအနီး ဒီးဒုတ်ချောင်းကိုပိတ်၍ တည်ဆောက်ထားသော မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအမြင့် ပေ၅၀၊ တမံအလျားပေ၁၇၀၀၊ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၂၂၀၀ရှိကာ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် များစွာအထောက်အကူပြုစေမည့်အပြင် စပါးနှင့် အခြားသီးနှံ ဧက၃၀၀အတွက် စိုက်ပျိုးရေပေးဝေ နိုင်မည်ဖြစ်သည်။

အဆိုပါရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ် သန်းပေါင်း၇၅၀ အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၁ခုမြောက် ဆည်မြောင်းစီမံကိန်းဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွင်းကောက် အထက အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၄

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ကွင်းကောက် အထကကျောင်းသားကျောင်းသူဟောင်းများ၏(၁၁)ကြိမ်မြောက်အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ၁၅ရက်(တနင်္ဂနွေနေ့)မွန်းတည့် ၁၂နာရီတွင် ကွင်းကောက်အထက၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်၍ အသက်(၆၀) ပြည့်ပြီးသော ဆရာကြီး ဆရာမကြီးများနှင့် စာသင်နှစ်အားလုံးမှ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။

လှူဒါန်းနိုင်

လှူဒါန်းလိုသူများသည် ဦးလှမြင့် ဖုန်း-၀၉-၅၁၁၅၄၅၄၊ ဦးအေးတင် ဖုန်း-၂၉၉၀၆၂၊ ဦးအေးကို ဖုန်း-၅၇၈၇၇၂ နှင့် ဦးသန်းညွှန့် ဖုန်း-၇၂၆၉၉၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ)(၄)နှစ်သင်တန်း အမှတ်စဉ်(၄၀)မှ သင်တန်းသားသင်တန်းသူများ မန္တလေးတိုင်းအတွင်း ကြည့်ရှုလေ့လာ

ရန်ကုန် ဇန်နဝါရီ ၂၄

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့(ဘီအီးဒီ) (၄)နှစ်သင်တန်း အမှတ်စဉ်(၄၀)မှ သင်တန်းသား သင်တန်းသူများသည် လေ့လာရေးကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဒုတိယပါမောက္ခချုပ်(သင်ကြားရေး)ဦးငွေးလွင်နှင့် ကြီးကြပ်သူ ဆရာဆရာမများလိုက်ပါလျက် ဇန်နဝါရီ ၂၁ရက်တွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေးက ဆောင်ရွက်နေသည့် မန္တလေးတိုင်း ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

လေ့လာရေးအဖွဲ့သည် ဇန်နဝါရီ ၂၂ရက်တွင် ညောင်ဦးမြို့ရှိ သမဝါယမ ဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုဦးစီးဌာန ယွန်းပညာကောလိပ်ကိုလည်းကောင်း၊ ယွန်းပြတိုက်၊ ယွန်းနည်းစဉ်ခန်းမနှင့် ယွန်းလက်မှုပစ္စည်းအရောင်းဆိုင်များကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်ရှိ ပုပ္ပားတောင်ကလပ်ကို တက်ရောက်လေ့လာကြသည်။

ကြည့်ရှုလေ့လာ

လေ့လာရေးအဖွဲ့သည် ဇန်နဝါရီ ၂၃ရက် နံနက်ပိုင်းတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဆည်မြောင်းဦးစီးဌာနကြက်မောက်တောင် ရေလှောင်တမံတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထိုမှတစ်ဆင့်လေ့လာရေးသင်တန်းသား သင်တန်းသူများသည် မိတ္ထီလာမြို့ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းကို လည်းကောင်း၊ ကျောက်ဆည်စက်မှုဇုန်ရှိ ဘိလပ်မြေစက်ရုံ၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းစက်ဘီးစက်ရုံနှင့်မြန်မာ့အထည်အလိပ်လုပ်ငန်းစွပ်ကျယ်စက်ရုံများကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုလေ့လာ

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (ဘီအီးဒီ) (၄)နှစ်သင်တန်း အမှတ်စဉ်(၄၀)မှ သင်တန်းသား သင်တန်းသူများ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုလေ့လာကြစဉ်။
(သတင်းစဉ်)

ကြိုဆို

လေ့လာရေးအဖွဲ့သည် ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ ပြန်လည်ရောက်ရှိကြရာ ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများကကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ် မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၉ ခုနှစ်
ဇန်နဝါရီလအတွက်
နောက်ဆုံးပတ်
(တနင်္ဂနွေနေ့)

၂၅-၁-၂၀၀၉ ရက်နေ့

၂၀၀၉ ခုနှစ်
ဖေဖော်ဝါရီလအတွက်
၈-၂-၂၀၀၉ ရက်နေ့
နှင့်
၂၂-၂-၂၀၀၉ ရက်နေ့။

✳ **ရှေ့ဖုံးမှ**

မကွေးတိုင်း ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ရေစကြိုမြို့နယ် ခင်မွန်ကျေးရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့် အကွာ နာမည်ကြီး သနပ်ခါး ထွက်ရှိရာ ရှင်မတောင် တောင်ခြေရင်း၌တည်ဆောက်ပြီးစီးနေပြီဖြစ်သည့် ခင်မွန်ရေလှောင်တမံ စီမံကိန်းအကြောင်း သတင်းဆောင်းပါးရေးသားနိုင်ရန် ဇန်နဝါရီ၁၉ရက်က မြန်မာ့အလင်း သတင်းအဖွဲ့ ပခုက္ကူမြို့သို့ ရောက်ရှိခဲ့ကြသည်။

“မိုးစပါး၊ နွေစပါး စိုက်ပျိုးခြင်းသာမက ဒေသဝမ်းစာဖူလုံရေးကိုလည်း များစွာအထောက်အကူပြုလာပါမယ်။”

ဦးမောင်မောင်လွင်
လက်ထောက်ညွှန်ကြားရေးမှူး
ဆည်မြောင်းဦးစီးဌာန

စိမ်းစိမ်းစိုစို

ဆည်မြောင်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်၏စီစဉ်ပေးမှုဖြင့် ရောက်သည့် နေ့ချင်းပင် ခင်မွန်ရေလှောင်တမံသို့ ခရီးဆက်ခဲ့ကြသည်။ ပခုက္ကူ-ရေစကြိုကားလမ်း မိုင်တိုင် (၂၁/၄) ဖာလုံမှ အနောက်ဘက်သို့ ငါးမိုင်ခန့်ဝင်ရသည်။ ယခင်က တောင်ကတုံးသဖွယ် တောင်များသည်လည်း သစ်ပင်၊ ဝါးပင်များဖြင့် စိမ်းစိမ်းစိုစို ပေါက်ရောက်နေသည်ကို မြင်တွေ့ရသည်။

သေသပ်လှပ

တမံအလျားပေ ၁၇၀၀၊ တမံအမြင့် ပေ ၅၀ရှိ မြေသားတမံ အမျိုးအစား ခင်မွန် ရေလှောင်တမံကြီးကို ရေထိန်းမျှော်စင်နှင့်အတူ တောက်ပသော နေရောင်ခြည် အောက်တွင် ထည်ဝါခံ့ညားစွာ လှမ်းမြင်ရသည်။ အကျယ်ပေ၄၀ရှိ ရေပိုလွှဲမြောင်းကြီးကိုလဲ ကျောက်စီပန်းရံဖြင့် သေသပ်လှပစွာ တည်ဆောက်ထားသည်မှာ မြောင်းကူးတံတားနှင့် ပန်းရလျက်ရှိသည်။

အရည်အသွေး

ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်လွင်က “ခင်မွန်ရေလှောင်တမံ တည်ဆောက်ရာတွင် မြို့ပြအင်ဂျင်နီယာ ဝန်ထမ်းများ၊ စက်မှုအင်ဂျင်နီယာဝန်ထမ်းများ၊ အရည်အသွေးထိန်းချုပ်ရေးအဖွဲ့၊ ဘူမိဗေဒ စမ်းသပ်ရေး အဖွဲ့များဖြင့် ပူးပေါင်းတည်ဆောက်ခဲ့ရကြောင်း၊ တမံမြေကြီး လုပ်ငန်းအတွက်လည်း မြေရွေးချယ်ခြင်း၊ ဆောင်ရွက်ပြီး မြေကြီးလုပ်ငန်းအား လုပ်ငန်းခွင်အတွင်း စမ်းသပ်ခြင်း၊ ရေမြေကွန်ကရစ်ရုံးသို့ပေးပို့၍ ဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် တမံမြေကြီး အရည်အသွေးမီအောင် ဆောင်ရွက်ရပါကြောင်း။

ပိုမိုတိုးတက်

ပခုက္ကူခရိုင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးအတွက် ဆည်တမံများကို ဒေသအစီအစဉ်ဖြင့် ၂၄ခု၊ ဆည်မြောင်း ဦးစီးဌာန အစီအစဉ်ဖြင့် ၃၉ခု အကောင်အထည်ဖော် ဆောင်ရွက်ပြီး ဖြစ်ကြောင်း၊ ပခုက္ကူခရိုင်အတွင်း သတ်မှတ်လျာထားသည့် ဆည်ငယ်၊ ကန်ငယ် ၇၁ခု တည်ဆောက်ပြီးပါက လယ်မြေ ၈၆၂၈ဧကကို ဆည်ရေ ပေးဝေနိုင်မည် ဖြစ်ကြောင်း၊ ဆည်ငယ်၊ ကန်ငယ်များအတွင်း ရေသိုလှောင်ထားခြင်းဖြင့် ရေဝပ်ဧရိယာများစွာ ပေါ်ထွက်လာသောကြောင့် မိုးရေချိန် လက်မ၂၀ဝန်းကျင်ခန့်သာ ရရှိသော ပခုက္ကူခရိုင်အတွင်း ရာသီဥတု ပြောင်းလဲစေပြီး မိုးရေချိန် ပိုမို တိုးတက်လာမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် သောက်သုံးရေ ဖူလုံစေခြင်း၊ ကျွဲ၊ နွား သောက်သုံးရေ ရရှိစေခြင်းနှင့် ငါးမွေးမြူခြင်း၊ ဒေသစီးပွားရေးများ လုပ်ဆောင်နိုင်သဖြင့်မိုးစပါး၊ နွေစပါး စိုက်ပျိုးခြင်းသာမက ဒေသဝမ်းစာ ဖူလုံရေးကိုလည်း များစွာ အထောက်အကူ ပြုလာမည် ဖြစ်ကြောင်း”ဖြင့် မြန်မာ့အလင်းသို့ ပြောကြားသည်။

ခိုင်ခံ့ရန်

မြန်မာ့အလင်း သတင်းအဖွဲ့နှင့် အတူ လိုက်ပါလာသော ခင်မွန်တမံ

“စပါးအထွက်တိုးပြီး တောင်သူတွေဝင်ငွေ တိုးလာမှာ ဖြစ်လို့ ဝမ်းသာရပါတယ်။”

ဦးမြင့်(တောင်သူ)
ခင်မွန်ကျေးရွာ

တည်ဆောက်ရေး တာဝန်ခံ ဦးစီးအရာရှိ ဦးမြတ်ဇော်သိန်းကလည်း “တမံတည်ဆောက်ရေးသည် အဓိကဖြစ်၍ တမံခိုင်ခံ့ တည်မြဲစေရန်နှင့် ဝင်ရောက်လာသော ရေများအား ပြည့်ပြည့်ဝဝ ထိန်းသိမ်းထားနိုင်ရန် (Cut of Trunch)လို့ခေါ်သည့်COT သက်ကျင်းကိုဘူမိဗေဒဆိုင်ရာအချက်အလက်ပေါ်မူတည်ပြီး သတ်မှတ်တဲ့ အနက်ပေအထိတူးထုတ်ပေးရကြောင်း၊ စနစ်တကျနှင့် ပြန်လည် ဖို့မြေဖို့ပြီးမှသာ တမံအတွင်းမှရေကို ထိန်းသိမ်းထားနိုင်ကြောင်း၊ တမံ၏ ထိပ်ပိုင်းကိုလည်း တစ်လွှာချင်းစီ ရေဖျန်းပြီး ဆူဒုန်းနဲ့ကြိတ်ပေးရကြောင်း၊ သို့မှသာ တမံ၏ထိပ်ပိုင်း ခိုင်မြဲမှာဖြစ်ကြောင်း၊ ခင်မွန်ရေလှောင်တမံကို ၂၀၀၇ခုနှစ် ဧပြီလ၁၃ရက်မှာစတင်ပြီး ၂၀၀၉ခုနှစ် ဇန်နဝါရီလ၌ ရာနှုန်းပြည့် တည်ဆောက်ပြီးစီးပြီ ဖြစ်ကြောင်း၊ ယခုရေလှောင်ထားသည်မှာ မိုးရေချိန် ၂ လက်မ၊ ၈၅ဧကပေရှိပြီးမိုးတွင်းရေဝင်ရောက်လာပါက အလျားပေ ၁၂၀၀၀ ရှိသည့် တူးမြောင်းမကြီးမှ တစ်ဆင့် လယ်မြေ ၂၂၅ဧက၊ ယာမြေ ၇၅ဧက စုစုပေါင်း ဧက၃၀၀ကို ဆည်ရေပေးဝေမှာ ဖြစ်ပါကြောင်း”ဖြင့် ရှင်းလင်းပြောကြားသည်။

မြန်မာ့အလင်း သတင်းအဖွဲ့သည် ဆည်သို့ လာရောက်ကြည့်ရှုကြသော ဒေသခံများထဲမှ ခင်မွန် ရွာသား တောင်သူဦးမြင့်အား အောက်ပါအတိုင်း တွေ့ဆုံ မေးမြန်းပါသည်-

မေး ။ ။ဦးကြီးက ဘယ်ရွာကပါလဲ။
ဖြေ ။ ။ခင်မွန်ရွာက ဖြစ်ပါတယ်။
မေး ။ ။ဘာလုပ်ကိုင်ပါသလဲ။
ဖြေ ။ ။တောင်သူ ဖြစ်ပါတယ်။
မေး ။ ။အသက်ဘယ်လောက် ရှိပါပြီလဲ။
ဖြေ ။ ။၅၂နှစ် ရှိပါပြီ။
မေး ။ ။တောင်သူဆိုတော့ ဘယ်နှဧက စိုက်ပါသလဲ။
ဖြေ ။ ။နှစ်ဧကစိုက်ပါတယ်၊ စပါးစိုက်ပါတယ်။
မေး ။ ။ခင်မွန်ဆည် တည်ဆောက်ပေးတာနဲ့ ပတ်သက်လို့ ဦးကြီးတို့ ဘယ်လိုခံစားရပါသလဲ။
ဖြေ ။ ။ကျွန်တော်တို့ဒေသဟာ မိုးနည်းရေရှားဒေသ ဖြစ်ပါတယ်။အခုလို ဆည်တည်ဆောက် ပေးတာကြောင့် မြေဧက ၃၀၀ စိုက်ပျိုးနိုင်တဲ့အတွက် ဝမ်းသာကြရပါတယ်။ ရေအခက်အခဲကြောင့် မိုးစပါး၊ ပဲစိုက်နိုင်ပါတယ်။ ယခုလို သောက်သုံးရေ၊ စိုက်ပျိုးရေ ပေးနိုင်တဲ့ဆည်တည်ဆောက်ပေးတာကြောင့် နွေစပါးလည်း စိုက်နိုင်တဲ့အပြင် ပဲ၊ နှမ်း၊ ပြောင်း၊ နေကြာပါ စိုက်နိုင်ကြတော့မှာဖြစ်လို့ သိပ်ဝမ်းသာဖို့ ကောင်းပါတယ်။ စိုက်နိုင်ပျိုးနိုင်တာကြောင့် စပါးအထွက်တိုးပြီး တောင်သူတွေ ဝင်ငွေတိုးလာမှာဖြစ်လို့ ဝမ်းသာကြပါတယ်။ ဒီလိုလုပ်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရနှင့် ဗိုလ်ချုပ်မှူးကြီးနှင့်တကွ နိုင်ငံ့ခေါင်းဆောင်များကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောလိုပါတယ်”

ဟု ပြောပြသည်။

“လယ်မြေ၂၂၅ဧကနဲ့ ယာမြေ ၇၅ဧကကို ဆည်ရေ ပေးဝေမှာဖြစ်ပါတယ်။”

ဦးမြတ်ဇော်သိန်း
ဦးစီးအရာရှိ
ခင်မွန်တမံတည်ဆောက်ရေးတာဝန်ခံ

ရင်တွင်းစကား

ဆက်လက်၍ ခင်မွန်ကျေးရွာ အလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာကြီး ဦးကြည့်လွင်အား ဆက်လက် မေးမြန်းခဲ့ရာ “ခင်မွန်ကျေးရွာမှာ တာဝန်ထမ်းဆောင်တာ ရှစ်နှစ်ရှိပါပြီ။ ရောက်စက သောက်ရေမတ်ခွက် တစ်ခွက်စာရဖို့ အကြာကြီးစောင့်ခပ်ရပါတယ်။ အခုလို ရေလှောင်တမံကြီး တည်ဆောက်ပေးလိုက်တော့ ဒေသတွင်းက ပြည်သူတွေ သောက်သုံးရေ ဖူလုံလို့ အများကြီး ဝမ်းသာရပါတယ်။ ပညာရေးနဲ့ ပတ်သက်ပြီး ပြောရမယ်ဆိုရင် အရင်က စီးပွားရေးလည်း မကောင်းတော့ပညာရေးလည်းမကောင်းတော့ဘူး။ ကလေးတွေ ကျောင်းမထားကြဘူးလေ၊ အခုဆည်ကြီးကရေရပြီး၊သီးထပ်သီးညှပ်တွေစိုက်ပြီးဒေသစီးပွားရေး ဖူလုံလာရင် ကျောင်းသားကျောင်းသူတွေ ပညာရေး တိုးတက်လာတော့မှာပါ။ ဒီနှစ်တစ်ဝိုက်မှာ ငွေးချိုတမံ၊ မြေခဲတောင်တမံ တည်ဆောက်ခဲ့ပြီးပါပြီ။ ဒေသရေ ရှားလို့ ခင်မွန်တမံကို မျှော်လင့်နေတာ ကြာခဲ့ပါပြီ။ နိုင်ငံတော်ကို အထူးပဲကျေးဇူးတင်ပါတယ်”ဟု ရင်တွင်းစကား ဆိုခဲ့ပါသည်။

မျှော်လင့်နေ

“ဒေသ ရေရှားလို့ ခင်မွန် ရေလှောင်တမံ မျှော်လင့်နေတာ ကြာပါပြီ။”

ဦးကြည်လွင်
ကျောင်းအုပ်ဆရာကြီး
အလယ်တန်းကျောင်းခွဲ
ခင်မွန်ကျေးရွာ

“ရေမရှိလို့ ပြောင်းစိုက်တာ ရေရရင် စပါးစိုက်မယ်။”

ဦးမောင်ဝမ်း
တောင်သူ
ခင်မွန်ကျေးရွာ

စားသောက်လာနိုင်

အသက် ၅၄နှစ်ရှိပြီ ဖြစ်သော ခင်မွန်ရွာသား တောင်သူဦးမောင်ဝမ်းကလည်း “ငယ်ငယ်ကတည်းက တောင်သူလုပ်ခဲ့တာပါ။ ပြောင်း၊စပါး၊ နှမ်းစိုက်ပါတယ်။ ရေမရှိလို့ ပြောင်းစိုက်တာ၊ ရေရရင် စပါးစိုက်မယ်။ အခုတော့ ဆည်ကြီးနဲ့ရေလှောင်ထားပြီး လိုအပ်မှုထုတ်ပေးတော့ ရေလည်း အလဟဿ မဖြစ်တော့ဘူး၊ ရွာကလူတွေလည်း တခြားမှာ သွားလုပ်စရာ မလိုတော့ဘူး၊ ကိုယ့်ရွာမှာကိုယ် လုပ်ကိုင် စားသောက် လာနိုင်ပြီပေါ့ဗျာ” ဟု ပီတိစကား ကြားခဲ့ရသည်။

ဝမ်းမြောက်ဂုဏ်ယူ

အသက် ၆၂နှစ်ရှိပြီ ဖြစ်သော ခင်မွန်ရွာသူ တောင်သူမကြီး ဒေါ်လှတင်ကလည်း “ကျွန်မက ၁၄နှစ် သမီးကတည်းက ပြောင်း၊ နှမ်း၊ ပဲ ယာစိုက်ခဲ့တာ။ ရွာကိုလူကြီးတွေ လာရင် ရေရဖို့ ဆည်ဆောက်ပေးပါလို့ ပြောခဲ့ဖူးတယ်။ အခု ဆည်ကြီး ရပြီလေ၊ ကျွန်မ စပါးပါစိုက်ပါ့မယ်”ဟု ဝမ်းမြောက် ဂုဏ်ယူစွာဖြင့် ပြောကြားသည်။

ကျေးဇူးတင်

B.A(Hist) ဖြင့် တက္ကသိုလ်ဘွဲ့ရပြီးခင်မွန်ရွာ အလယ်တန်းကျောင်းခွဲတွင် အလယ်တန်းပြ ဆရာမ တာဝန်ထမ်းဆောင်နေသည့် ကျောင်းဆရာမ ဒေါ်အေးစန်းမြင့် ကလည်း “ရေရလို့ စိုက်နိုင်ပျိုးနိုင်ပြီး စီးပွားရေးတွေဖွံ့ဖြိုးလာမယ်ဆိုရင်ကလေးတွေ ကျောင်းထားနိုင်လာလိမ့်မယ်။ ကျောင်းမထားနိုင်တဲ့ ကလေးတွေ ကျောင်းထားနိုင်တော့မှာပါ။ ရွာက ကလေးတွေ ကျောင်းမှာ ပညာလာပြီး သင်ကြားတာမြင်ရမှာမို့ ဝမ်းသာလှပါတယ်။ အခုလို ဆည်တမံတွေ တည်ဆောက်ပေးပြီး ရေအခက်အခဲရှိတဲ့ နေရာမှာ ရေပေးနိုင်လို့ နိုင်ငံတော်ကို အထူးကျေးဇူးတင်ပါတယ်”ဟု ဝမ်းမြောက် ပီတိစကား ပြောကြားသွားခဲ့သည်။

“ရွာက ကလေးတွေ ကျောင်းမှာလာပြီး ပညာသင်ကြားမှာမြင်ရတော့မှာမို့ဝမ်းသာလှပါတယ်။”

ဒေါ်အေးစန်းမြင့်
ဆရာမ(အလယ်တန်းပြ)
ခင်မွန်ရွာ
အလယ်တန်းကျောင်းခွဲ

နှုတ်ဆက်ထွက်ခွာ

သတင်းမှတ်တမ်းအတွက်နေမဝင်မီ ဓာတ်ပုံမှတ်တမ်းများ အမိအရ ရိုက်ကူးပြီး ရှင်မတောင် သနပ်ခါး တောင်ခြေရှိ ခင်မွန် ရေလှောင်တမံကြီးဆီမှ၂၇မိုင်ကွာဝေးသော ပခုက္ကူမြို့ဆီသို့ ဂျစ်ကားငယ်လေးဖြင့် လှည့်ပြန်ရင်း ပခုက္ကူခရိုင်အတွင်း (၃၉)ခုမြောက်တည်ဆောက်ဖွင့်လှစ်ခဲ့သည့် “**ခင်မွန်**” ရေလှောင်တမံကြီးကို နှုတ်ဆက်ထွက်ခွာလာခဲ့ရပါသည်။ ။

(မြန်မာ့အလင်း)

ကျောက်စီပန်းရံ အမျိုးအစား အကျယ်ပေ ၄၀ရှိ ရေပိုလွှဲကို မြောင်းကူးတံတားနှင့် ပန်းရလျက် ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၀ပြည့်နှစ် ပြာသိုလကွယ်နေ့ (ဥပုသ်နေ့)
၂၅-၁-၂၀၀၉ ရက် (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တိရစ္ဆာန်ဥယျာဉ်နေပြည်တော် သွားလိုက်ကြစို့ တူပျော်ပျော် (အပိုင်း-၂)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ အကပြိုင်ပွဲ
၈:၁၀ ၇။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၈:၂၀ ၈။ အဆိုပြိုင်ပွဲ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ တေးဂီတအစီအစဉ်

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁:၄၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူကျေးတောသူ** (အပိုင်း-၁၇)
၁၂:၂၅ ၅။ GolfMagazine(TV)
၁၂:၄၅ ၆။ မြန်မာရုပ်ရှင် **နှလုံးလှလှူမိုက်** မင်းမော်ကွန်း၊ နေအောင်၊ ခိုင်သင်းကြည်၊ မေသဉ္ဇာဦး၊ မြင့်မြင့်ခင် (ဒါရိုက်တာ-မောင်တင်ဦး)
၁၄:၄၅ ၇။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ အတီးပြိုင်ပွဲ
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၃၀ ၄။ တေးဂီတအစီအစဉ်
၄:၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (အင်္ဂလိပ်စာအထူးပြု) အင်္ဂလိပ်စာ
၄:၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၅ ၇။ **လှေကားသုံးထစ်ဆင်းတဲ့အခါ** အရိုင်း၊ မင်းသူ၊ အေးသီတာ (ဒါရိုက်တာ-သိန်းဟန်၊ ဗီးနစ်)
၅:၁၅ ၈။ တေးဂီတအစီအစဉ်
၅:၂၅ ၉။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ ကာတွန်းအစီအစဉ် "Pocket Dragon Adventure"
၆:၅၅ ၁၃။ တစ်မျက်နှာ တစ်ကွက်စာ **ပွဲခ** မြို့တော်ချစ်ဖွယ်၊ မိုးကျော် (ဒါရိုက်တာ-ကြည်သာ၊ ပွဲကြိုက်ခင်)
၇:၁၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာနှင့်ယှဉ်သော မေတ္တာ** (အပိုင်း-၁၄)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကြမ္မာမုန်တိုင်း** (အပိုင်း-၆)
၁၉။ မင်းကွန်းဆရာတော်ကြီး အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
၂၀။ အစီအစဉ်ပြီး၏။

မယ်စဲ့၌ မြို့တွင်းသန့်ရှင်းရေး ဆောင်ရွက်

မယ်စဲ့ ဇန်နဝါရီ ၂၄

ကယားပြည်နယ် မယ်စဲ့မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းသန့်ရှင်းသာယာလှပရေး လုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ၅ရက်က မယ်စဲ့မြို့တွင်း မန်းဘခိုင် လမ်းမကြီး တစ်လျှောက် ပန်းအလှပင်စိုက်ပျိုးခြင်း၊ပန်းပေါင်များ အတွင်းမြေဆွေးမြေသြဇာပက်ဖျန်းခြင်း လုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးမိုးအောင် ကြီးကြပ်ဆောင်ရွက်ကြောင်းသိရသည်။ **(မြို့နယ်စည်ပင်)**

စိတ်ကြိုက် ဝယ်ယူ

ဒေသထွက် ငှက်ပျော၊ အုန်းများကို စိတ်ကြိုက် ဝယ်ယူနိုင်ရန် ဤသို့ ရောင်းချလျက်ရှိသည်။
(မြန်မာ့အလင်း)

● *ကျောဖုံးမှ*

ထိုသို့တည်ဆောက်ဖွင့်လှစ်ခဲ့သည့် ဈေးကြီးများအနက် အာဟာရသုခဈေးမှာ ကုန်စိမ်းနှင့် သားငါးဈေးကြီးဖြစ်သည်။ ဤဈေးကြီးသည် နေပြည်တော်ပျဉ်းမနား ရန်ကုန်-မန္တလေး အမြန်ကားလမ်းမကြီး အရှေ့ဘက် ကင်ပွန်းတန်းကျေးရွာအနီး၌ တည်ရှိသည်။ နေပြည်တော်တွင် အကြီးဆုံးကုန်စိမ်းနှင့် သားငါး ဈေးကြီးဖြစ်သည်။

ချိုသာစွာဝယ်ယူ

အာဟာရသုခဈေးကြီးမှာ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ၊ သားငါးများ လတ်ဆတ်၍ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ကြောင်း လူပြောများလှသည်။

ဤသို့ဖြင့် ကျွန်တော်တို့သတင်းအဖွဲ့သည် အာဟာရသုခဈေးကြီးသို့ သွားရောက်ကာ သတင်းနှင့်ဓာတ်ပုံများ မှတ်တမ်းတင်ရိုက်ကူးခဲ့ပါသည်။ ကျွန်တော်တို့သတင်းအဖွဲ့ ရောက်သွားချိန်တွင် ညနေပိုင်းဖြစ်သည်။ ဈေးရုံများအတွင်း ခင်းကျင်းရောင်းချသော ဈေးသည်များသည် တစ်နေကုန်ဈေးကြီးအတွင်း ရောင်းချအပြီး ညနေပိုင်းတွင် ဈေးကြီး၏ မျက်နှာစာရင်ပြင်ကျယ်ကြီး၌ ညဈေးအဖြစ် ခင်းကျင်းရောင်းချလျက်ရှိသည်ကို တွေ့ရသည်။ ဈေးသည်ဈေးဝယ်များ အထူးစည်ကားများပြားလှသော ဈေးကြီးပင်ဖြစ်၏။

ကြက်သားတန်း၊ ဝက်သားတန်း၊ ငါးပုစွန်တန်း၊ ငါးခြောက်တန်း စုံလင်လှသည်။ ကြက်သားနှင့် ဝက်သားဈေးနှုန်းမှာ တစ်ပိဿာ ကျပ် ၄၀၀၀ သာရှိသည်။ ငါးမြစ်ချင်း တစ်ပိဿာ ကျပ် ၂၈၀၀၊ ငါးကြင်း တစ်ပိဿာ ကျပ် ၃၅၀၀ ဈေးရှိကြောင်း သိရသည်။

ရောင်းချ

အာဟာရသုခဈေးကြီးအတွင်း သစ်သီးဝလံများ သန့်ရှင်းသပ်ရပ်စွာ ဤသို့ ခင်းကျင်း ရောင်းချလျက်ရှိသည်ကို တွေ့ရသည်။
(မြန်မာ့အလင်း)

နေပြည်တော် အာဟာရသုခဈေးကြီး၏ ညနေခင်းမြင်ကွင်းကို ဈေးသည် ဈေးဝယ်များဖြင့် အထူးစည်ကားများပြားစွာ ဤသို့တွေ့မြင်ရသည်။
(မြန်မာ့အလင်း)

ဆီဈေးမှာ ပဲဆီ၊ နှမ်းဆီ တစ်ပိဿာကျပ် ၃၀၀၀ ဖြစ်သည်။ အခြားသော ပဲ၊ ငရုတ်၊ ကြက်သွန်၊ အာလူး၊ ခရမ်းချဉ်သီးအမျိုးစုံလင်စွာ ရောင်းချလျက်ရှိသည်ကိုလည်း တွေ့ရသည်။

ရောင်းချလျက်ရှိ

ဒေသထွက်ကုန်များဖြစ်သည့် မုန်လာထုပ်၊ ပန်းမုန်လာ၊ ကိုက်လန်၊ ချဉ်ပေါင်၊ ကန်စွန်း၊ နံနံ၊ စမိတ်၊ မုန်ညင်း၊ ပဲတောင့်ရှည်၊ မုန်လာဥ၊ ကြက်သွန်မြိတ်စသော ကုန်စိမ်းအမျိုးမျိုးကိုလည်း ဖောဖောသီသီ ပေါပေါများများ ဈေးနှုန်းချိုသာစွာ ရောင်းချလျက်ရှိသည်ကို တွေ့ခဲ့ရသေးသည်။

ရှမ်းပြည်နယ်

ရှမ်းပြည်နယ်ထွက်ကုန်များဖြစ်သည့် လိမ္မော်သီး၊ ရှောက်ချိုသီး၊ ဖရဲ၊ ကျွဲကော၊ သခွားမွေး၊ နာနတ်နှင့် ပျားလိမ္မော်သီးများမှာလည်း အာဟာရသုခဈေးကြီးအတွင်း ရောင်းချလျက်ရှိသည်။ မိတ္ထီလာမှထွက်သည့် ဆီးပန်းသီးနှင့် ပေါင်းလောင်းတောင်စောင်းများမှဆင်းလာသည့် ရွှေငှက်ပျောသီးများကလည်း သစ်သီးဝလံ ကြိုက်သူများကို မျက်စပစ်နေကြသည်။ အလုံးလှလှ အရသာရှိရှိ ပန်းသီးများကိုလည်း ကျပ် ၁၀၀၀ဖိုး ငါးလုံး၊ ခြောက်လုံး အော်ရောင်းနေသည်ကိုလည်း ကြားခဲ့ရသည်။

ထိုမှဆက်လက်၍ ကျွန်တော်တို့သတင်းအဖွဲ့သည် အာဟာရသုခဈေးတာဝန်ခံရုံးသို့ ခြေဦးလှည့်ရပြန်သည်။ ဈေးတာဝန်ရှိသူဦးထွန်းလှအောင်နှင့် တွေ့ဆုံခဲ့သည်။ **“ကျွန်တော်တို့ နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် အာဟာရသုခ ဈေးကြီးကို ၂၀၀၈ ခုနှစ် မေလ ၁၅ရက်က နေပြည်တော်နဲ့ အနီးဝန်းကျင်ဒေသတွေမှာ ရှိတဲ့ ပြည်သူတွေ သားငါးနှင့်ဟင်းသီးဟင်းရွက်များ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်ပြီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါတယ်။ စုစုပေါင်း ကုန်စိမ်းနှင့် ကုန်စုံသားငါး ဆိုင်ခန်းပေါင်း ၁၂၀၀ ရှိပါတယ်။ ဒါ့အပြင် ကုန်စည်ဒိုင် လက်ကားအရောင်းဆိုင် ၁၀၀နှင့် စားသောက်ဆိုင်ခန်း ၁၆ခန်းကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိပါတယ်။ ဒီအာဟာရသုခဈေးကြီးဟာ ၂၄နာရီပတ်လုံး ဖွင့်လှစ်ရောင်းချတာဖြစ်လို့ ဈေးဝယ်သူများ အချိန်မရွေး လာရောက်ဝယ်ယူနိုင်ကြပါတယ်။ ဈေးနှုန်းလည်းချိုသာပါတယ်”**ဟု ဦးထွန်းလှအောင်က ရှင်းပြသည်။

ဝင်ငွေတိုးပွား

အာဟာရသုခဈေးသစ်ကြီးပေါ်ပေါက်လာသဖြင့် ဈေးသည် ဈေးဝယ်များ ရောင်းပန်းဝယ်ပန်းကောင်း၍ ဝင်ငွေတိုးပွားလျက်ရှိသကဲ့သို့ ခရီးသည်၊ ဈေးသည်၊ ဈေးဝယ်များအား ပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်နေသည့် တုတ်တုတ်ဟုခေါ်သည့် သုံးဘီးဆိုင်ကယ်မောင်းသူများ၊ဆိုင်ကယ်ကယ်ရီဆွဲသူများ၊ ဆိုက်ကားသမားများနှင့် မြင်းလှည်းဆရာတို့မှာလည်း ဝင်ငွေရွှင်လှသည်။

ခရီးသည်နှင့်ဈေးသည်၊ ဈေးဝယ်များ ဆိုင်ကယ်ကယ်ရီစီးလျှင် ဟိုနားဒီနား ကျပ်၅၀၀၊ သုံးဘီး ဆိုင်ကယ်စီးလျှင် ကျပ် ၃၀၀၊ မြင်းလှည်းမှာ ကျပ် ၂၀၀အနည်းဆုံး ပေးစီးနေရကြောင်း သိရသည်။ ဘတ်စ်ကားခဈေးနှုန်းချိုသာစွာဖြင့် ဘတ်စ်ကားများ ယင်းဈေးကြီးနှင့် ပြေးဆွဲပေးလျှင် ပို၍စည်ကားလာနိုင်သည်။

သုံးဘီးဆိုင်ကယ်သမားတစ်ဦး၏ နေ့စဉ်ဝင်ငွေကို မေးကြည့်သည်။ နေ့စဉ်ဝင်ငွေ ကျပ် ၂၅၀၀၀ဝန်းကျင် ရရှိနေပြီး အုံနာကြေး ကျပ် ၇၀၀၀ပေးရကြောင်း သိရသည်။ စားပြီးသောက်ပြီး နေ့စဉ်သုံးဘီးဆိုင်ကယ်သမားတစ်ဦးလျှင် ကျပ် ၁၀၀၀၀ ဝင်ငွေရရှိနေသည်ဟုဆိုသည်။ အလားတူ ဆိုင်ကယ်ကယ်ရီဆွဲသူများမှာလည်း နေ့စဉ်ကျပ် ၅၀၀၀မှ ၁၀၀၀၀အထိ ဝင်ငွေရရှိနေသည်။

စိုက်ပျိုးထုတ်လုပ်

ထိုအာဟာရသုခဈေးကြီးအနီးတွင် မုန်ညင်း၊ ကိုက်လန်၊ ဂေါ်ဖီ၊ ပန်းမုန်လာ၊ နံနံ၊ ငရုတ်၊ ကြက်သွန်စသော ဟင်းသီးဟင်းရွက် စိုက်ခင်းများကိုလည်း တစ်မျှော်တစ်ခေါ်တွေ့ရသည်။ ဈေးကွက်ပေါ်ထွန်းလာသဖြင့် ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်သူများက ဈေးကွက်နှင့် အလျဉ်မပြတ် စိုက်ပျိုးထုတ်လုပ်လာကြခြင်းဖြစ်သည်။

ထိုဈေးကြီးသို့ အနီးဝန်းကျင်ဒေသများမှ ဟင်းသီးဟင်းရွက်နှင့် သားငါးမျိုးစုံ စီးဆင်းရောင်းဝယ်ဖောက်ကားလျက်ရှိသည့်အပြင် နေပြည်တော်ပျဉ်းမနား၊ နေပြည်တော်လယ်ဝေးနှင့် နေပြည်တော်တပ်ကုန်း၊ ရမည်းသင်း၊ မိတ္ထီလာအစရှိသော မြို့များမှလည်း ကုန်စည်များ နေ့စဉ်စီးဆင်းလျက်ရှိသည်။ ဤဈေးကြီးသည် ရန်ကုန်မြို့ရှိ သီရိမင်္ဂလာ ကုန်စိမ်းဈေးကြီးကဲ့သို့ လက်လီလက်ကားရောင်းချသည့် ဈေးကြီးပင်ဖြစ်၏။ ယင်းဈေးကြီးသို့ တပ်ရင်းတပ်ဖွဲ့များ၊ အစိုးရဝန်ထမ်းများ၊ ဒေသနေပြည်သူများ၊ တစ်ဆင့်ပြန်ရောင်းချလိုသူများ လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

အလုပ်အကိုင်

သို့ဖြစ်ရာ နေပြည်တော်ပျဉ်းမနား၌ အာဟာရသုခ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်းနှင့် သားငါးဈေးကြီး ပေါ်ထွန်းလာသဖြင့် ဒေသနေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားလာသည့်အပြင် ဟင်းသီးဟင်းရွက်နှင့် သားငါးများကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ကြပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

အာဟာရသုခဈေးကြီး၏ ဝန်ဆောင်မှုအတွက် ဆောင်ရွက်ပေးနေသည့် တုတ်တုတ်(ခေါ်)သုံးဘီးဆိုင်ကယ်များကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

25-1 (10).pmd 1 1/25/2009, 2:27 AM

ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေး အုတ်ရိုးစီရေထိန်းနံရံနှင့် မြောင်းကူးတံတား တည်ဆောက်

မန္တလေး ဇန်နဝါရီ ၂၀

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါလျက် ဇန်နဝါရီ ၇ရက် နံနက် ၁၁နာရီက မဟာအောင်မြေမြို့နယ် ၈ဖလမ်း၊ ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ၃၇လမ်းနှင့် ၃၈လမ်းကြား အုတ်ရိုးစီရေထိန်းနံရံနှင့် ၃၈လမ်း ရေနုတ်မြောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ဝဲပုံ)

ရှင်းလင်း

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် မဟာအောင်မြေမြို့နယ်၈ဖလမ်းရွှေတချောင်းမြောင်းသို့ ရောက်ရှိလာရာ လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများက ရွှေတချောင်းမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် ၃၇လမ်းနှင့် ၃၈လမ်းကြားတွင် အုတ်ရိုးစီ ရေထိန်းနံရံနှင့် ၃၈လမ်း ရေနုတ်မြောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

တံတားတည်ဆောက်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ရွှေတချောင်းမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အုတ်ရိုးစီရေထိန်းနံရံနှင့် ၃၈လမ်း ရေနုတ်မြောင်းကူးတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က ရေထိန်းနံရံနှင့်ရေနုတ်မြောင်းကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေးနှင့် လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းရေးတို့ကို လမ်းတံတားဌာန ဌာနခွဲမှူးနှင့် တာဝန်ခံ အင်ဂျင်နီယာများအား မှာကြားသည်။

ဖြည့်ဆည်း

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးမြို့တော်အတွင်း လမ်းနှင့် တံတားများ၊ လမ်းဘေး ဝဲယာရှိ ရေနုတ်မြောင်းများ၏ ရေစီးဆင်းမှု အခြေအနေနှင့် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ဆောင်ရွက်နေသောလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(၁၁၃)**

မိုးညှင်းမြို့ ပင်လုံလမ်း ကတ္တရာလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း မြို့ပြဖွင့်ပွဲကို ဇန်နဝါရီ၃ရက်က အဆိုပါလမ်းမုခ်ဦးရှေ့၌ ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးစိန်ထွန်း၊ မြို့နယ်ဥက္ကဋ္ဌဦးဇော်မင်းဟန်နှင့် အမှုဆောင်အရာရှိဦးကျော်ဆန်းထွန်းတို့ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စဥ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာကျန်းမာရေးဌာနခွဲဖွင့်

စဥ့်ကူး ဇန်နဝါရီ ၁၂

စဥ့်ကူးမြို့နယ် ဝါးရုံကုန်းကျေးရွာ ကျန်းမာရေးဌာနခွဲ ဆေးခန်းဖွင့်ပွဲနှင့် ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၃ရက် နံနက် ၉နာရီက အဆိုပါကျန်းမာရေးဌာနခွဲဆေးခန်း၌ ကျင်းပသည်။

ဖဲကြိုးဖြတ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာချမ်းငြိမ်းထွေးနှင့်ကျေးရွာအဖွဲ့ဝင်ဦးတင့်တို့က ကျန်းမာရေးဌာနခွဲအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဖွင့်ပွဲအခမ်းအနားတွင်မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှ**(အောက်ပုံ)**နှင့်ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာချမ်းငြိမ်းထွေးတို့က အမှာစကားပြောကြားကြပြီး ကျေးရွာအဖွဲ့ဝင်ဦးတင့်က ကျေးဇူးတင်စကားပြောကြားသည်။

လက်ခံ

ဆက်လက်၍ ကျေးရွာအဖွဲ့ဝင် ဦးတင့်က ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်နှင့်ပတ်သက်သည့် မှတ်တမ်းများကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ခေတ္တမြို့နယ် ဆရာဝန် ဒေါက်တာချမ်းငြိမ်းထွေးက လက်ခံယူသည်။

ကြည့်ရှု

ထို့နောက် ကျေးရွာဥက္ကဋ္ဌဦးဝင်းမြင့်နှင့်အဖွဲ့ဝင်တို့က ဆေးခန်းဖွင့်ပွဲအထိမ်းအမှတ် အလံများကို မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်ဆရာဝန်ကြီးတို့အား ပေးအပ်ကြပြီး ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

ရေစကြိုမြို့၌ ကလေးပြိုင်ပွဲ ဆုချီးမြှင့်

ရေစကြို ဇန်နဝါရီ ၁၅

ရေစကြိုမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ငွေနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝင်းမာတို့က အမှာစကား ပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာတင်ဝင်းက ကျန်းမာရေးဆိုင်ရာ အသိပညာများ ဆွေးနွေးဟောပြောကာ ကလေးပြိုင်ပွဲမှ ဆုရရှိသော ကလေးများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။ **(မြို့နယ် ပြန်/ဆက်)**

စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေး အလုပ်ရုံဆွေးနွေးပွဲ ခန္တီးတွင်ကျင်းပ

ခန္တီး ဇန်နဝါရီ ၁၀

ခန္တီးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးသည် ဝန်ထမ်းများနှင့်အတူ ကင်းတော်ကျေးရွာသို့ ရောက်ရှိရာ ရပ်ကွက်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ စာကြည့်တိုက်များရှင်သန်ခိုင်မာရေးအလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၁၄ရက်က အဆိုပါကျေးရွာရှိ သလ္လာအသင်း စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဦးမြင့်သိန်းစိုးက စာအုပ်၊ စာစောင်အသစ်များ တိုးပွားရရှိရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာငှားသူ၊ စာဖတ်သူ တိုးပွားရေး၊ စာကြည့်တိုက် ငွေပဒေသာပင်ထားရှိ ဆောင်ရွက်ရေးနှင့်အုပ်စုအတွင်းရှိကျေးရွာစာကြည့်တိုက် အဆောက်အအုံများ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေးတို့ကို မှာကြားဆွေးနွေးသည်။

တိုးပွားရေး

ဆက်လက်ပြီး ကင်းတော်ကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးတင်လေးရွှေက စာအုပ်၊ စာစောင်တိုးပွားရေး ဆောင်ရွက်မှုများ၊ စာကြည့်တိုက် ငွေပဒေသာပင် ရရှိရေး စည်းရုံး ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

(ခရိုင် ပြန်/ဆက်)

ဇန်နဝါရီ ၁၀ရက်က သာကေတမြို့နယ် အမက(၈)၏ ၂၀၀၇-၂၀၀၈ မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ဆုရရှိသော ပထမတန်းကျောင်းသူ မစန္ဒာအေးအား ကျောင်းအုပ်ဆရာကြီး ဦးထွန်းကြည်က ဆုချီးမြှင့်စဉ်။

(ပညာရေး)

မိုးကောင်းမြို့၌ မီးသတ်ဝတ်စုံ စရိတ်ထောက်ပံ့

မိုးကောင်း ဇန်နဝါရီ ၁၃

မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ဝတ်စုံစရိတ်ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၂ရက် ညနေ ၄နာရီက မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ စေတနာရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ခြောက်သိန်းကို မြို့နယ်ဥက္ကဋ္ဌ ဦးသန်းစိန်က မြို့နယ်အရန်မီးသတ်တပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးဆိုင်းနော်ထံ ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၀၁)**

နေကြာသီးနှံ မျိုးစေ့ချစိုက်ပျိုးပွဲနှင့် နွေစပါးခေါင်းနှံပျိုးထောင်မှု စုပေါင်းသရုပ်ပြ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၈

၂၀၀၈-၂၀၀၉ခုနှစ် မော်လမြိုင်ကျွန်းမြို့နယ် ကန်သင်းဘောင် နေကြာသီးနှံ စုပေါင်းမျိုးစေ့ချ စိုက်ပျိုးပွဲနှင့် နွေစပါးခေါင်းနှံပျိုးထောင်မှု လယ်တောတွင်း စုပေါင်းသရုပ်ပြ စိုက်ပျိုးပြသပွဲကို ဇန်နဝါရီ ၆ရက် နံနက် ၈နာရီက မော်လမြိုင်ကျွန်းမြို့နယ် မြင်းကကုန်းကျေးရွာ တောင်သူလယ်သမား ဦးစန်းလွင်၏ နွေစပါးစိုက်ပျိုးအောင်မြင်နေသော လယ်မြေ၁၀ဒသမ၂၇ဧက၌ ကျင်းပသည်။

စိုက်ပျိုးနည်းစနစ်

ယင်းလယ်တောတွင်းသရုပ်ပြပွဲသို့ မော်လမြိုင်ကျွန်းမြို့နယ် အမှတ်(၃) နယ်မြေမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဝင်းမြင့်၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးဝင်းမြင့်၊ ဒုတိယမန်နေဂျာ ဦးသန့်ဇင်၊ စိုက်ပျိုးရေးစခန်း တာဝန်ခံ ဦးမြင့်စိန်နှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးသန်းနိုင်နှင့် အဖွဲ့ဝင်များ၊ ဒေါင်းရေကျော်မြင်းကကုန်း၊ ပိသာ၊ ကွမ်းခြံကုန်း၊ ဂုံညှင်းတန်း၊ လင်းဆွဲမဲဇလီ၊ တန့်ငူနှင့် ရေလိန်ကျေးရွာအုပ်စုများမှ လေ့လာရေးတောင်သူလယ်သမား၁၂၀ တက်ရောက်လေ့လာကြည့်ရှုကြပြီး စိုက်ပျိုးနည်းစနစ်များကို ရယူကြသည်။

မျိုးစေ့ချ

အဆိုပါ လယ်တောတွင်း သရုပ်ပြပွဲနှင့်လယ်ယာစိုက်ပျိုးထုတ်လုပ်မှုတွင် အဆင့်ဆင့် အကျိုးဖြစ်ထွန်းသော နွေစပါးခေါင်းနှံပျိုးထောင်မှု နည်းစနစ်များကို လက်တွေ့သရုပ်ပြသခြင်း၊ စိုက်ပျိုးပြီး နွေစပါးခင်းများအား ပိုးမွှားကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးပက်ဖျန်းနည်းစနစ် ပြသခြင်းနှင့် မြင်းကကုန်းမှဒေါင်းရေကျော်ကျေးရွာအထိ ကန်သင်းဘောင်ဝဲယာတာလမ်းတစ်လျှောက်တို့တွင် ဒေသခံတောင်သူ လယ်သမား၂၄၀ တို့က နေကြာမျိုးစေ့ချ စုပေါင်း စိုက်ပျိုးပွဲ ကျင်းပသည်။**(အောက်ပုံ)** (၁၄၂)

သာစည်မြို့၌ ကျောက်ချော လမ်းသစ်ဖွင့်

သာစည် ဇန်နဝါရီ ၁၄

(၆၁)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သာစည်မြို့ အမှတ်(၄)နယ်မြေ ထိန်ကန်ရပ်ကွက်အတွင်းရှိ လမ်း(၂၀)ကျောက်ချောလမ်း လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် နံနက်၉နာရီက အဆိုပါလမ်းသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးအောင်အောင်က အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်တိုးက ဖွင့်ပွဲအထိမ်းအမှတ်အလံများကို တာဝန်ရှိသူများသို့ပေးအပ်ကာ လမ်းသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးအောင်အောင်နှင့် အမှုဆောင်အရာရှိ ဦးမောင်တိုးတို့က ဖဲကြိုး ဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၀၉၄)**

25-1 (11).pmd 1 1/25/2009, 2:27 AM

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ဌာပနာတော်ပစ္စည်းများ ပူဇော်လှူဒါန်းနိုင်ရန်

အသိပေးနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန် နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့ (၉-၂-၂၀၀၉ ရက်)တွင် ကျင်းပသွားရန် စီစဉ်ထားရှိပါသည်။

သို့ပါ၍ စေတီတော်မြတ်ကြီး၌ ဌာပနာတော်ထည့်သွင်းပူဇော်လှူဒါန်းလိုသူ စေတနာရှင် ရဟန်းရှင်လူပြည်သူများအနေဖြင့် လှူဒါန်းပစ္စည်းများအား အောက်ပါ ပုဂ္ဂိုလ်/ဌာနများသို့ အချိန်မီ ဆက်သွယ်ပေးပို့လှူဒါန်းပူဇော်နိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည် -

(က) ဗိုလ်မှူးကြီးသိန်းညွန့်၊ ဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၀၂၃၊ ၀၆၇-၄၀၉၃၆၃

(ခ) ဗိုလ်ချုပ်သန်းဌွေး၊ ညွှန်ကြားရေးမှူး၊ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန (ဥက္ကဋ္ဌ၊ ဥပ္ပါတသန္တိစေတီတော် တည်ဆောက်ရေး လုပ်ငန်းကော်မတီ)
ဖုန်း-၀၃၆-၃၁၀၃၀၊ ၀၃၆-၃၁၀၅၀

(ဂ) ဗိုလ်မှူးကြီးတင်ငွေ၊ ဒုတိယဝန်ကြီး၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန (အဖွဲ့ဝင်၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ) ဖုန်း-၀၆၇-၄၀၉၃၆၈

(ဃ) ဗိုလ်မှူးကြီးကံချွန်
(အတွင်းရေးမှူး၊ ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ)
ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၀၆၇-၄၁၄၂၀၂

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား

လှူဒါန်းနိုင်ရန် တိုက်တွန်းနှိုးဆော်ခြင်း

ရဟန်းရှင်လူ ပြည်သူအများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ပေရှိ **"ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး"** အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် တပေါင်းပွဲတော်တွင် ကျင်းပမည့် ရဟန်းသံဃာ၊ လူပုဂ္ဂိုလ်များအား ဘွဲ့တံဆိပ်တော် ဆက်ကပ်မည့် အခမ်းအနားကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပြီးစီးမည့်အချိန်နှင့် ကိုက်ညီပြီး နေပြည်တော်၌ ကျင်းပမည် ဖြစ်ပါသည်။

လှူဒါန်းနိုင်

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေပြားနှင့် ကျောက်ပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင်ကပ်လှူရန် ရွှေပြား (၁ပေ×၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀နှုန်း
(၂) ကြာနှင့် ရွဲများတွင်ကပ်လှူရန် ရွှေပါးလွှာ (၁ပေ×၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀နှုန်း
(၃) ကျောက်ပြား(မာဘယ်) (၂ပေ×၂ပေ)	၂၂၈၁၉ ချပ် ၁ ချပ်	ကျပ် ၂၂၀၀၀နှုန်း
(၄) စကျင်ကျောက် (၂ပေ×၂ပေ)	၁၀၀၈၈၉ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀နှုန်း
(၅) မြစ်သားကျောက် (၂ပေ×၂ပေ)	၂၄၇၈၆ ချပ် ၁ ချပ်	ကျပ် ၁၃၀၀၀နှုန်း

ဆက်သွယ်နိုင်

လှူဒါန်းလိုသူများသည် **"ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေး ဆပ်ကော်မတီ"** အတွင်းရေးမှူး ဖုန်း-၀၆၇-၄၁၄၂၀၅၊ ၄၁၄ ၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

လေရှီး၌ မြို့တွင်းရေကျော်မြောင်းများ တူးဖော်

လေရှီး ဇန်နဝါရီ ၂၄

လေရှီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးနှင့် အများပြည်သူသွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် လေရှီးမြို့ မြို့မရပ်ကွက်အတွင်းရှိ ရေကျော်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၈ရက်က သက်ဆိုင်ရာ ကျေးရွာများနှင့် ပူးပေါင်းကာ အမှုဆောင်အရာရှိ ဦးစံထွန်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာလိဂ်(အဆင့်မြင့်တန်း) အမှတ်ပေးဘောလုံးပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် စီးပွား/ကူးသန်းအသင်း ကမ္ဘောဇကို အနိုင်ယူပြီး ထိပ်ဆုံးနေရာရယူ

သတင်းမြင်ကွင်းနှင့်ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင်　　စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ရန်ကုန် ဇန်နဝါရီ ၂၄

၂၀၀၈-၂၀၀၉ ဘောလုံးရာသီမြန်မာလိဂ်(အဆင့်မြင့်တန်း)အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီခွဲက အောင်ဆန်းကွင်းနဲ့ သုဝဏ္ဏကွင်းတို့၌ ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းနဲ့ ကာကွယ်ရေးဝန်ကြီးဌာနအသင်းတို့ နိုင်ပွဲများရရှိသွားပါတယ်။

အောင်ဆန်းကွင်း

စီးပွား/ကူးသန်း - နှစ်ဂိုး
ကမ္ဘောဇ - ဂိုးမရှိ

အခုပွဲဟာ အမှတ်ပေးချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲမဟုတ်ပေမယ့် ချန်ပီယံဆုအတွက် အတိုင်းအတာတစ်ခုအထိ အရေးပါတဲ့ပွဲဆိုရင် မမှားပါဘူး။ စီးပွား/ကူးသန်းအသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးနေရာကိုရယူဖို့အတွက် ဒီပွဲကို အမှားမခံဘဲ ကစားသွားပါတယ်။ ဇော်လင်းထွန်း၊ မင်းသူ၊ ရာဇာဝင်းသိန်း၊ ဘိုဘိုအောင်၊ မျိုးမင်းထွန်းတို့နဲ့ လူစုံထုတ်သုံးသွားတဲ့ စီးပွား/ကူးသန်းအသင်းဟာ ခြေစွမ်းပြကစားနိုင်ခဲ့ပြီး ကမ္ဘောဇအသင်းကို အသာစီးမှကစားနိုင်ခဲ့ကာ ကျော်ဇင်ဝင်း၊ ရာဇာဝင်းသိန်းတို့ရဲ့ ဂိုးတွေနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။ မြန်မာလိဂ်အမှတ်ပေးပြိုင်ပွဲမှာ နှစ်နှစ်ဆက်တိုက် ဒုတိယနေရာရရှိထားတဲ့ ကမ္ဘောဇအသင်းဟာအခုနှစ်ပြိုင်ပွဲမှာ အကောင်းဆုံးပုံစံမရသေးဘဲ အခုပွဲမှာလည်း အမှားများခဲ့တာကြောင့် အရှုံးနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

သုဝဏ္ဏကွင်း

ကာကွယ်ရေးဝန်ကြီးဌာန - လေးဂိုး
ဆက်သွယ်ရေး - တစ်ဂိုး

ကာကွယ်ရေးဝန်ကြီးဌာနအသင်း ဟာ အခုပွဲအနိုင်ရရှိခဲ့တာကြောင့် သတ္တမနေရာတက်လှမ်းလာနိုင်ပြီး ဆက်သွယ်ရေးကတော့ ခြောက်ပွဲစလုံးရှုံးထားတာကြောင့် ဇယားအောက်ဆုံးရောက်နေပြီး လက်ကျန်ပွဲတွေကို ရုန်းကန်ရတော့မှာပါ။

ဒီနေ့ပွဲအပြီးမှာ အသင်းအားလုံး ခြောက်ပွဲစီ ကစားပြီးဖြစ်ပြီး စီးပွား/ကူးသန်းအသင်းဟာ ဒုတိယနေရာက ဘဏ္ဍာ/အခွန်ထက်နှစ်မှတ်အသာနဲ့ ထိပ်ဆုံးကိုရောက်ရှိသွားပါတယ်။ ခြောက်မှတ်ရထားတဲ့ လယ်ယာ/ဆည်မြောင်း၊ ငါးမှတ်ရထားတဲ့ ပြည်ထဲရေး၊ လေးမှတ်ရထားတဲ့ မြန်မာ့မီးရထားနှင့် မြို့တော်စည်ပင်တို့ လက်ကျန်ပွဲတွေကို ရလဒ်ကောင်းရအောင် ကစားရမှာဖြစ်သလို ရှစ်မှတ်ရထားတဲ့အသင်းတွေလည်း စိတ်ချလို့ မရသေးပါဘူး။

၂၆-၁-၂၀၀၉ရက်

သုဝဏ္ဏကွင်း

သစ်တောရေးရာ - ဘဏ္ဍာ/အခွန်

အောင်ဆန်းကွင်း

လယ်ယာ/ဆည်မြောင်း-မြန်မာ့မီးရထား။

(မြန်မာ့အလင်း)

စီးပွား/ကူးသန်းမှ ကျော်ဇင်ဝင်း၏ ထိုးဖောက်ဂိုးသွင်းမှုကို ကမ္ဘောဇဂိုးသမား ကျော်ဇင်ထက် ကာကွယ်စဉ်။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၂၄ရက်ပွဲစဉ်အပြီး အသင်းများ၏ရပ်တည်မှု

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	သွင်းဂိုး	ပေးဂိုး	အသားတင်ဂိုး+/-	ရမှတ်
၁	စီးပွား/ကူးသန်း	၆	၅	၁	-	၁၄	၄	+၁၀	၁၆
၂	ဘဏ္ဍာ/အခွန်	၆	၄	၂	-	၁၆	၅	+၁၁	၁၄
၃	စွမ်းအင်	၆	၃	၂	၁	၇	၆	+၁	၁၁
၄	ဆောက်လုပ်ရေး	၆	၃	၁	၂	၆	၉	-၃	၁၀
၅	ပို့ဆောင်ရေး	၆	၂	၃	၁	၁၀	၄	+၆	၉
၆	သစ်တောရေးရာ	၆	၂	၃	၁	၇	၄	+၃	၉
၇	ကာကွယ်ရေး	၆	၂	၂	၂	၁၀	၉	+၁	၈
၈	Air Bagan	၆	၂	၂	၂	၆	၆	-	၈
၉	ကမ္ဘောဇ	၆	၂	၂	၂	၄	၅	-၁	၈
၁၀	လယ်ယာ/ဆည်မြောင်း	၆	၂	-	၄	၆	၁၄	-၈	၆
၁၁	ပြည်ထဲရေး	၆	၁	၂	၃	၇	၉	-၂	၅
၁၂	မြန်မာ့မီးရထား	၆	-	၄	၂	၆	၈	-၂	၄
၁၃	မြို့တော်စည်ပင်	၆	-	၄	၂	၄	၆	-၂	၄
၁၄	ဆက်သွယ်ရေး	၆	-	-	၆	၆	၂၀	-၁၄	-

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅)အမှတ်(၄)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၂၄

ယခုအပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၅) အမှတ်(၄)၌ သြစတြေးလျပင်လယ်ပြင်တွင် ရေခဲ့ဘူးဖြင့် တစ်လနီးပါးခန့်မျောပါနေသော မြန်မာရေလုပ်သားနှစ်ဦးကို အသက်ရှင်လျက်တွေ့ရှိခဲ့၊ ရာသီဥတုထူးခြားဖြစ်စဉ်သတင်းများ စီဒီအမ်အေဖုန်းများမှတစ်ဆင့်ပေးပို့မည်၊ ဆိုးဆေးပါအစားအစာ ရောင်းချသူများကို အရေးယူတော့မည်၊ မျက်စိဝေဒနာရှင်များကို မြို့တော်စည်ပင်တွင် အခမဲ့ခွဲစိတ်ကုသပေးမည်၊ မြန်မာနိုင်ငံ၏ပထမဆုံးပြည်တွင်းထုတ်လျှပ်စစ်ကားများ ဈေးကွက်တင်မည်၊ ကြက်ဆူစေ့မှ ထုတ်လုပ်သောဇီဝလောင်စာဆီဖြင့် လေယာဉ်မောင်းနှင်မှုအောင်မြင်၊ ဧရာဝတီတိုင်းရှိ မုန်တိုင်းဒဏ်ခံပြည်သူများအား ကွန်ပျူတာပညာသင်ကြားပေးမည် စသည့်ပြည်တွင်းရေးရာသတင်းများနှင့်အတူ **'ရန့်သင်းထုံ ဇေင်ရိပ်မြုံ'** လူမှုဘဝပုံရိပ်သုံးသပ်ဆောင်းပါးများဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

ဘားရတ်အိုဘားမားရေး၍ ကိုကို(စက်မှုတက္ကသိုလ်) ဘာသာပြန်ဆိုထားသော 'အဖေ့ဆီကအိပ်မက်များ (၉)'၊ 'တကယ့်ပြဿနာက ကျွန်တော်တို့အားလုံးဟာ စီးပွားရေးအကျပ်အတည်းရဲ့အလယ်ကိုရောက်နေတာပဲ' ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌဟောင်း ဂျိမ်းစ်ဝိုဖန်ဆွန်နှင့် စပီဂဲလ်မဂ္ဂဇင်းတို့တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာအင်တာဗျူးဆောင်းပါနှင့်အတူ ရုရှားတွေလာနေပြီ၊ အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးလူမည်းသမ္မတ ဘားရတ်အိုဘားမား ကျမ်းသစ္စာကျိန်ဆို၊ စီးပွားရေးအကျပ်အတည်း၏ရောင်ပြန်ဟပ်မှုကြောင့် ကမ္ဘာ့ရွှေ့ပြောင်းလုပ်သားဈေးကွက် ပုံရိပ်သွင်ကိုမှေးမှိန်၊ ဂါဇာပဋိပက္ခအားဖြေရှင်းရန် တစ်ခုတည်းသောနည်းလမ်းမှာ စေ့စပ်ညှိနှိုင်းရေးသာဖြစ်၊ ထိုင်းဘုရင်မင်းမြတ်ကိုပြက်ရယ်ပြုသော ဝက်ဘ်ဆိုက် ၁၅၀၀အား ပိတ်ပင်ဟန့်တား၊ ထိုင်းနိုင်ငံတွင် ဆယ်စုနှစ်အတွင်း အအေးလွန်ကဲမှုနှင့် ကြုံတွေ့ရ၊ စာပို့လုလင်မှ ဂါဘွန်နိုင်ငံအကြီးအကဲဖြစ်လာသော သမ္မတဘွန်ဂိုကို ဂုဏ်ပြုသောအားဖြင့် ရွှေတံဆိပ်ခေါင်းထုတ်စသည့် နိုင်ငံတကာ ထူးထူးဆန်းဆန်းသတင်းများ၊ စီးပွားရေးသုံးသပ်ဆောင်းပါးများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများစုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံးဖြန့်ချိထားသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၂၄ရက်က ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အမှတ် ၃၀ရပ်ကွက် ဘုရင့်နောင်လမ်းပေါ်ရှိ ရေနုတ်မြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ဆောင်ရွက်နေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမင်းမင်းဦးနှင့် တာဝန်ရှိသူများ ကြည့်ရှုအားပေးကြစဉ်။ (၁၃၃)

အလုပ်သမားဆေးရုံကြီး (ရန်ကုန်) အထူးကုအဖွဲ့ ကွင်းဆင်းဆေးကုသ

ရန်ကုန် ဇန်နဝါရီ ၂၄

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ပိုင် အလုပ်သမားဆေးရုံကြီး (ရန်ကုန်)မှ ဆေးရုံအုပ်ကြီး ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ကုသမှုအဖွဲ့သည် ရွှေပြည်သာစက်မှုဇုန် (၁) ကနောင်မင်းသားကြီးလမ်း အမှတ် ၁၁၆/က ရှိ (Ve Ve) အချိုရည်စက်ရုံသို့ သွားရောက်၍ စက်ရုံရှိဝန်ထမ်းများမှ သမားဘက်ဆိုင်ရာ လူနာ၇၅ဦး၊ ခွဲစိတ်ဘက်ဆိုင်ရာ လူနာ၁၁ဦး၊ သားဖွားနှင့် မီးယပ်ဆိုင်ရာ လူနာ ၂၂ ဦး၊အရိုးနှင့်အကြောဘက်ဆိုင်ရာ လူနာ ၁၆ဦး၊မျက်စိဘက်ဆိုင်ရာလူနာ ၃၅ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းဘက်ဆိုင်ရာ လူနာလေးဦး၊ သွားနှင့်ခံတွင်းဆိုင်ရာ လူနာရှစ်ဦး စုစုပေါင်းလူနာ ၁၆၅ဦးတို့အား စမ်းသပ်စစ်ဆေးကုသခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်း၊ စက်ရုံဝန်ထမ်း ၂၀၀ တို့အား မေးခိုင်ကာကွယ်ဆေး ထိုးပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

လက်ထပ်ထိမ်းမြားပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃) ရပ်ကွက်၊ ဘုရင့်နောင်လမ်းမကြီးနှင့် ဘူတာရုံလမ်းထောင့်၊ တိုက် (၁)၊ အခန်း(၈)နေ
ဦးအောင်ဆန်းလင်း-ဒေါ်အေးအေးမွန်(ခ) ဒေါ်ချင်းမိန်တို့၏သား၊
ကိုဖြိုးဝေလင်း B.A (Eco) ခေတ္တ (Japan) ၏ ညီ၊
မချစ်စုစုဟန် B.A (Myanmar) တို့၏ အစ်ကို
မောင်မျိုးဝေလင်း 2 nd (Eco) ခေတ္တ (Japan)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ဗဟိုလမ်းမကြီး(ခိုင်ရွှေဝါ)၊ အမှတ် ၁၀၈ နေ
ဦးကျော်မြင့်-ဒေါ်ဝင်းကြည် (BRB) စားတော်ဆက် တို့၏သမီး၊
မသီဂီဝင်း B.A (History) ခေတ္တ (Japan) ၏ ညီမ
မချစ်စုနွယ် B.A (Eco) ခေတ္တ (Japan)

တို့သည် ၂၄-၁၂-၂၀၀၈ရက်တွင် နှစ်ဖက်သော မိဘတို့၏ သဘောတူခွင့်ပြုချက်အရ ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ မြန်မာသံရုံး၌ လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်းနှင့် ၂၂-၁-၂၀၀၉ရက်တွင် သုစိတ္တာရုံ ပရိယတ္တိစာသင်တိုက်၌ မင်္ဂလာဆွမ်းဒါန ကျင်းပပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မျိုးဝေလင်း-မချစ်စုနွယ်

ချစ်မြေးလေး "ယွန်းဝတီမျိုး" အတွက် မွေးနေ့ဆုမွန်လွှာ

ချစ်မြေးလေး ""ယွန်းဝတီမျိုး""၏ ၂၅-၁-၂၀၀၉ရက်တွင် ကျရောက်သော သုံးနှစ်မြောက်မွေးနေ့ မင်္ဂလာရက်မြတ်မှစ၍ နောင်နှစ်ပေါင်းများစွာတိုင်အောင် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး လင်း၍ထက်သော ဉာဏ်ပညာဖြင့် တော်၍ မြတ်သော သမီးကောင်းရတနာလေးဖြစ်ပြီး သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို မိသားစုနှင့်အတူ ထာဝရပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ . . .

ချစ်သော -

ဘိုးလေး - ဦးခင်မောင်ဇော်-ဘွားလေး ဒေါ်ကြည်ကြည်ဝင်း
ဘွားလေး - ဒေါ်ခင်လှဆွေ
ဘိုးဘိုး - ဦးထွန်းသိန်း-ဘွားဘွားဒေါ်မြင့်မြင့်သန်း
ဘိုးဘိုး - ဦးမျိုးထွန်း-ဘွားဘွား ဒေါ်ကြူကြူ

ချစ်သောသမီးရတနာလေး "ယွန်းဝတီမျိုး" အတွက် မွေးနေ့ဆုမွန်လွှာ

လှပဖြူစင်
နူးညံ့နုလုံးသား
(၃)နှစ်မြောက်သော
လေးဆူခါတ်ပုံ
(၉၉၉)သော
လှူဒါန်းပူဇော်သော
ချစ်သမီးလေး
ထက်၍တော်သော
ဘဝခရီးဝယ်
ကျော်စော၍
အပြစ်ကင်း၍
မြတ်သောစိတ်ဖြင့်
မွေးနေ့ရက်မြတ်၌
ရွှေတိဂုံတွင်
ဆီမီးများအား
ကုသိုလ်ထူးကြောင့်
""ယွန်းဝတီမျိုး"" သည်
ဉာဏ်ပညာဖြင့်
ဂုဏ်သတင်း
လင်းလက်သော
ကြယ်ပွင့်လေးဖြစ်ပါစေ....

ချစ်ဖေဖေ - ဦးကျော်ဇေယျာမျိုး (Managing Director)
Myo Thet San Trading Co., Ltd.
ချစ်မေမေ - ဒေါ်သူဇာမြင့်ထွန်းနှင့် ကုမ္ပဏီဝန်ထမ်းမိသားစုများ။

ချစ်တူမလေး "ယွန်းဝတီမျိုး" အတွက် မွေးနေ့ဆုတောင်း

ဖြူစင်ရှင်းသန့်
သန့်စင်မွှေးဖွား
ကောင်းမြတ်သာလွန်
လှသောစိတ်ထား
အမှားအမှန်
ဆင်ခြင်တတ်၍
မွေးပျံ့သင်းသော
စံပယ်ဖြူလေးလို
ဘဝလမ်းခရီးဝယ်
နှင်းပွင့်နှင့်အတူ
ချစ်တူမလေး ""ယွန်းဝတီမျိုး"" သည်
ပညာချွန်လျက်
မြတ်သောနှလုံးသားဖြင့်
ဝေဖန်တတ်သိ
မိမိရှေ့ရေးလမ်းမှန်ရွေးကာ
ဂုဏ်ရနံ့ဖြင့်
လှပကြော့ရှင်း
ထာဝရထင်ပေါ်ပါစေကြောင်း
ဆုမွန်ကောင်းတောင်းသည် .....

ချစ်သော -

ဦးဦး - ဒေါက်တာခင်ဇော်-ဒေါ်ဒေါ် ဒေါက်တာခင်ပပမျိုး
မောင်လေး - မောင်ကောင်းခန့်မျိုးဇော်
အန်တီ ဒေါ်မြင့်မြင့်စန်း၊ အန်တီ ဒေါ်မြင့်မြင့်ဝေ

ရေလုပ်သားများနှင့် ငါးဝိုင်းဝန်းဖမ်းပေးသည့် ဧရာဝတီလင်းပိုင်များ သရုပ်ဆောင် အကယ်ဒမီလွင်မိုး သတင်းမှတ်တမ်း ရိုက်ကူးမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ဧရာဝတီလင်းပိုင်များ မြန်မာနိုင်ငံ၌ရှိသည်ကို သတင်းစကားကြားဖူးခဲ့သည်။ ဧရာဝတီလင်းပိုင်များ ဧရာဝတီမြစ်အတွင်း ရှင်သန်ကျက်စားဆဲဖြစ်ကြောင်း၊ ဧရာဝတီလင်းပိုင်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများ၊ သတင်းမှတ်တမ်း ရိုက်ကူးရေးနှင့် ပတ်သက်ပြီး မီဒီယာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ဇန်နဝါရီ၂၄ရက် နံနက်၉နာရီက ကျင်းပခဲ့သည်။

ဧရာဝတီလင်းပိုင် သတင်းမှတ်တမ်းရိုက်ကူးရေးနှင့် ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ ကျင်းပရာ ငါးလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြသန်းထွန်း ဧရာဝတီလင်းပိုင်တို့နှင့် ပတ်သက်သည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ရှင်းပြ

မီဒီယာရှင်းလင်းပွဲ၌ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်း ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမြသန်းထွန်းက ဧရာဝတီလင်းပိုင်တို့နှင့်ပတ်သက်သည့် အကြောင်းအရာများကို စိတ်ဝင်စားဖွယ် ရှင်းပြသည်။

ဧရာဝတီ လင်းပိုင်များသည် ဧရာဝတီမြစ်အတွင်း နှစ်ထောင်ပေါင်းများစွာကတည်းက ရှင်သန်ကျက်စားခဲ့ကြောင်း၊ ရေပျော်သတ္တဝါဖြစ်သော်လည်း နို့တိုက်သတ္တဝါအမျိုးအစားဖြစ်ကြောင်း၊ ၂၀၀၂ ခုနှစ်မှ စတင်ကာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ ဧရာဝတီလင်းပိုင်များ ထိန်းသိမ်းခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း ရှင်းပြသည်။

သုတေသနပြု

ငါးလုပ်ငန်း ဦးစီးဌာနနှင့် မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ပူးပေါင်းပြီး ဧရာဝတီ မြစ်တစ်လျှောက် မိုင် ၁၅၀၀ ကျော်အတွင်း တစ်လကျော်ကြာ လေ့လာသုတေသနပြုခဲ့ရာ ဧရာဝတီ လင်းပိုင်ကောင်ရေ ၃၀ ကျော် တွေ့ရှိခဲ့ကြသည်။ အထူးသဖြင့် မန္တလေးနှင့် ဗန်းမော်အကြား ဧရာဝတီမြစ်အတွင်း အကောင်ရေ အများဆုံး တွေ့ရှိရသည်ဟုဆိုသည်။

ဧရာဝတီ လင်းပိုင်များမှာ ရေလုပ်သားများနှင့်အတူ ဝိုင်းဝန်း ငါးဖမ်းပေးကြခြင်းမှာ ဆန်းကြယ်သော အကြောင်းအရာဖြစ်ရာ ကမ္ဘာ့မည်သည့်ဒေသတွင်မျှမရှိနိုင်ကြောင်း၊ အံ့သြစရာလည်း ကောင်းကြောင်း၊ ထို့ကြောင့် ဧရာဝတီ လင်းပိုင်များ မျိုးသုဉ်းမပျောက်သွားစေရန် ဧရာဝတီ လင်းပိုင်ထိန်းသိမ်းရေးနယ်မြေအဖြစ် မန္တလေးမြို့ မင်းကွန်းတောင်ရိုးမှ ကျောက်မြောင်းရွာအထိရှိသော ဧရာဝတီမြစ်ပိုင်းကို သတ်မှတ်ကာ ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

တားမြစ်ပိတ်ပင်

ထိုဒေသအတွင်း မျှောပိုက်ကြီးများချပြီး ငါးဖမ်းမှုနှင့် ရွှေကျင်ခြင်းလုပ်ငန်းများအပြင် ဘက်ထရီဖြင့် ရှော့ရိုက်ငါးဖမ်းခြင်းများကို တားမြစ်ပိတ်ပင်ထားသည်။ မျှောပိုက်ကြီးများတွင် ဧရာဝတီလင်းပိုင်များ ငြိပြီး သေဆုံးနိုင်ခြင်း၊ မြစ်အတွင်း ရွှေကျင်ရာတွင်ပြဒါးအသုံးပြုမှုကြောင့် ပြဒါးအဆိပ်သင့်ကာ ဧရာဝတီလင်းပိုင်များ သေဆုံးနိုင်ခြင်းနှင့် ဘက်ထရီဖြင့် ကမ်းစပ်၌ ညအချိန်ရှော့ရိုက်ငါးဖမ်းရာတွင် လျှပ်စစ်ဓာတ်အားဖြန့်ထွက်မှုကြောင့် ဧရာဝတီလင်းပိုင်များ သေဆုံးနိုင်ခြင်းအပြင် ဧရာဝတီလင်းပိုင်တို့အတွက် သေးငယ်သော ငါးသတ္တဝါများ စားသောက်ရန် ရှားပါးသွားနိုင်ခြင်းတို့ကြောင့်ဖြစ်သည်။

ထို့နောက် မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့မှ တာဝန်ခံဦးအောင်မျိုးချစ်က ဧရာဝတီလင်းပိုင်များကို မြန်မာနိုင်ငံ၌

ဧရာဝတီလင်းပိုင်သတင်းမှတ်တမ်းရိုက်ကူးမည့် သရုပ်ဆောင် အကယ်ဒမီ လွင်မိုး။

၁၈၇၉ခုနှစ်မှ စတင်တွေ့ရှိခဲ့ပုံ၊ ရေချိုရေငန်စပ်သော ဒေသများ၌ ရှင်သန်ကျက်စားတတ်ကြပုံ၊ဧရာဝတီ၊မဲခေါင်နှင့်ဖိလစ်ပိုင်၊အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ သြစတြေးလျနိုင်ငံ မြောက်ပိုင်းတို့၌ တွေ့ရှိကြရပုံ ရှင်းပြသည်။ သို့သော် ရေလုပ်သားများနှင့်အတူ ငါးဝိုင်းဖမ်းပေးခြင်းမှာ မြန်မာနိုင်ငံမှ ဧရာဝတီလင်းပိုင်တို့သာရှိကြောင်း သိရသည်။

အသစ်အဆန်း

တစ်ဖန် ဧရာဝတီလင်းပိုင် သတင်းမှတ်တမ်းရိုက်ကူးမည့် သရုပ်ဆောင် အကယ်ဒမီလွင်မိုးက **""မိမိအနေဖြင့် ယခင်က ခရီးသွားသတင်းမှတ်တမ်းများ ရိုက်ကူးခဲ့ကြောင်း၊ ထိုစဉ်က ဒေသခံများကို အခြေပြုရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ယခုရိုက်ကူးမည့်သတင်းမှတ်တမ်းမှာ ရေသတ္တဝါကို အခြေပြုရိုက်ကူးရခြင်းဖြစ်သည့်အတွက်အသစ်အဆန်းဖြစ်နေကြောင်း၊ ဧရာဝတီ လင်းပိုင်နှင့် ပတ်သက်ပြီး စာတွေ လက်လှမ်းမီသမျှ ဖတ်ထားကြောင်း၊တတ်နိုင်သမျှ လေ့လာဆည်းပူးထားကြောင်း""** ပြောကြားသည်။

သရုပ်ဆောင် အကယ်ဒမီ လွင်မိုးတို့ အဖွဲ့သည် ရန်ကုန်မြို့မှ ဇန်နဝါရီ ၂၄ရက်ညနေပိုင်းတွင် စတင်ထွက်ခွာသွားပြီဖြစ်၍ ဇန်နဝါရီ ၂၅ရက်၌ မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ စတင်ရိုက်ကူးသွားမည်ဖြစ်ပြီး မန္တလေးမြို့နှင့် ရေမိုင် ၂၀ခန့် ကွာဝေးသည့် စိန်ပန်းကုန်းရွာအထိ ဧရာဝတီလင်းပိုင်တို့၏ ဓလေ့စရိုက် သဘာဝတို့ကို စောင့်ဆိုင်းလေ့လာ ရိုက်ကူးသွားမည်ဟု သိရသည်။

ထုတ်လွှင့်ပြသမည်

ဧရာဝတီလင်းပိုင် သတင်းမှတ်တမ်း ရိုက်ကူးမှုကို ခုနစ်ရက်နှင့် ၁၀ရက်အကြား ပြီးစီးအောင်ရိုက်ကူးမည်ဖြစ်ပြီး အချိန်တစ်နာရီကြာ သတင်းမှတ်တမ်းကိုရိုက်ကူးပြီးပါက မြန်မာ့ရုပ်မြင်သံကြားမှ မိနစ် ၃၀ကြာ နှစ်ပိုင်းခွဲ၍ ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်သည်။

ဧရာဝတီလင်းပိုင် သတင်းမှတ်တမ်းရိုက်ကူးသည့်အခါ ရှေးနှစ်ပေါင်းများစွာကပင် မြန်မာနိုင်ငံ၌ ရေလုပ်သားများနှင့်အတူ ဧရာဝတီလင်းပိုင်များက ဝိုင်းဝန်းငါးဖမ်းပေးခဲ့ကြပုံ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် မြန်မာနိုင်ငံသားငှက်ထိန်းသိမ်းစောင့်ရှောက်အဖွဲ့တို့က ထိန်းသိမ်းစောင့်ရှောက်နေပုံ၊ နှစ်ပေါင်းများစွာကတည်းက ဧရာဝတီ လင်းပိုင်များနှင့် ငါးဖမ်းခဲ့ကြသည့် အစဉ်အလာကို ရေလုပ်သားတို့၏သားသမီး မြေးမြစ်များအထိ လက်ဆင့်ကမ်း ငါးဖမ်းနေကြပုံ၊ ဧရာဝတီလင်းပိုင်မျိုးဆက် အဆက်ဆက်ကလည်း ယခုအချိန်အထိ ရေလုပ်သားတို့နှင့် ဝိုင်းဝန်းငါးဖမ်းနေကြပုံကို ကမ္ဘာ့နိုင်ငံများအထိ ကျယ်ကျယ်ပြန့်ပြန့် သိအောင် ရိုက်ကူးတင်ပြသွားမည်ဟုသရုပ်ဆောင် အကယ်ဒမီလွင်မိုးက ပြောကြားသည်။

ခရီးသွားလုပ်ငန်း

ထို့ကြောင့် ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာရှိသော ဧရာဝတီလင်းပိုင်တို့ ရေလုပ်သားများနှင့် ဝိုင်းဝန်းငါးဖမ်းကြပုံကို မကြာမီ မြင်တွေ့ကြရတော့မည် ဖြစ်ရာ မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကို နိုင်ငံတကာကစိတ်ဝင်စားလာစေရန် ဆွဲဆောင်မှုတစ်ရပ်အဖြစ် ပေါ်ထွက်လာမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ဧရာဝတီမြစ်အတွင်း ရေလုပ်သားနှင့်အတူ ငါးရှာဖွေပေးနေသော လင်းပိုင်တစ်ကောင်။

ခင်းကျင်းရောင်းချနေသော သစ်သီးဝလံများကို စိတ်တိုင်းကျ ရွေးချယ်ဝယ်ယူနေသည့် မြင်ကွင်း....။ (မြန်မာ့အလင်း)



နေပြည်တော်တွင် အကြီးဆုံးကုန်စိမ်းနှင့် သားငါးဈေးကြီး ပေါ်ထွန်းလာ

ပြည်သူများ ဈေးနှုန်းချိုသာစွာ ဝယ်ယူစားသုံးနိုင်သည့်အပြင် အလုပ်အကိုင်များ ပို၍ရရှိလာကြ

ဒေသထွက်ကုန်ဟင်းသီးဟင်းရွက်များ လက်လီလက်ကား ရောင်းချနေသည့် အာဟာရသုခ ဈေးကြီးတွင် ရောင်းသူဝယ်သူများဖြင့် စည်ကားနေသည်မှာ....။ (မြန်မာ့အလင်း)

- သတင်းမြင်ကွင်း - မြင့်မောင်စိုး
- ဓာတ်ပုံမှတ်တမ်း - လှရွှေ(ကေတုမတီ)
- စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဟိန်းစိုး (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၄

နေပြည်တော် စည်ပင်သာယာရေးကော်မတီသည် နေပြည်တော် တိုးတက်စည်ပင်ဝပြောလာရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် ရုံးများ၊ လူနေအိမ်ရာများ၊ လမ်းမကြီးများ တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည့်အပြင် ဒေသနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ပွင့်လန်းစေမည့် အဆင့်မြင့်ဈေး၊ ကုန်စိမ်းနှင့် သားငါးဈေးများကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့သည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ●

ခရမ်းချဉ်နှင့် နာနတ်ပင်များ ရောပြွမ်းစိုက်ပျိုးခဲ့ပါလျှင် အက်စစ်မိုး၏ ဆိုးကျိုးကို ချေဖျက်နိုင်

ဘာသာပြန်သတင်းမှတ်စု - မိုးမြင့်လင်းလက်
စာမျက်နှာဖွဲ့စည်းမှု - သောင်းရွှေ (မြန်မာ့အလင်း)

ပေကျင်း ဇန်နဝါရီ ၂၄

ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့များ ထုတ်လွှတ်မှု၊ ကမ္ဘာ့ရာသီဥတု ပူနွေးလာမှုနှင့် ရာသီဥတုပြောင်းလဲလာမှုတို့ကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်များ ပြွမ်းတီးသည့် အက်စစ်မိုးများရွာသွန်းမှု ဖြစ်ပေါ်လာသည်။

ဆိုးကျိုး

အက်စစ်မိုးများရွာသွန်းခြင်းသည် မြေဆီလွှာပျက်စီးခြင်းနှင့် မြေကြီးတွင်ပါရှိသော အကျိုးပြုဓာတ်များ ပြုန်းတီးမှုဖြစ်ပေါ်စေရာ အက်စစ်မိုးသည် ကမ္ဘာမြေကြီးနှင့် လူသားတို့အတွက် ဆိုးကျိုးများသာ ဖြစ်ပေါ်စေခဲ့သည်။ *စာမျက်နှာ ၃ ကော်လံ ၅* ✻

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများ နေ့စဉ်ဖော်ပြမည်

ရန်ကုန် ဇန်နဝါရီ ၂၄

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား/ကျောင်းသူများအတွက် စာမေးပွဲ အထောက်အကူပြု သိကောင်းစရာများကို ဇန်နဝါရီ ၂၆ ရက်မှစ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့တွင် နေ့စဉ်ဖော်ပြသွားမည် ဖြစ်ပါသည်။

၂၀၀၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ

သိကောင်းစရာများ နေ့စဉ်ဖော်ပြမည့်အစီအစဉ်

စဉ်	ဘာသာရပ်	ဖော်ပြမည့်နေ့
၁။	မြန်မာစာဘာသာရပ်	၂၆-၁-၂၀၀၉
၂။	စိတ်ကြိုက်မြန်မာစာ	၂၇-၁-၂၀၀၉
၃။	အင်္ဂလိပ်စာ(ရန်ကုန်တက္ကသိုလ်)	၂၈-၁-၂၀၀၉
၄။	အင်္ဂလိပ်စာ(ဒဂုံတက္ကသိုလ်)	၂၉-၁-၂၀၀၉
၅။	သင်္ချာ(ရန်ကုန်တက္ကသိုလ်)	၃၀-၁-၂၀၀၉
၆။	သင်္ချာ(ဒဂုံတက္ကသိုလ်)	၃၁-၁-၂၀၀၉
၇။	ဓာတုဗေဒ	၁-၂-၂၀၀၉
၈။	ရူပဗေဒ(ရန်ကုန်တက္ကသိုလ်)	၂-၂-၂၀၀၉
၉။	ရူပဗေဒ(ဒဂုံတက္ကသိုလ်)	၃-၂-၂၀၀၉
၁၀။	ဇီဝဗေဒ	၄-၂-၂၀၀၉
၁၁။	ပထဝီဝင်	၅-၂-၂၀၀၉
၁၂။	သမိုင်း	၆-၂-၂၀၀၉
၁၃။	ဘောဂဗေဒ	၇-၂-၂၀၀၉

မီးကြွင်းမီးကျန်မရှိရန် ကျင့်ကြံသတိ အမြဲရှိ